# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ် (၁၃၈)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားကို ဖော်ညွှန်းနေမည့် ရောဝတီတံတား( ရတနာပုံ ) တည်ဆောက်ရေး ၇၅ ဒသမ ၉၄ ရာခိုင်နှုန်း ပြီးစီးနေပြီ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီစွာ ပြီးစီးအောင် တည်ဆောက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူစက်တင်ဘာ ၃ ရက်နံနက်ပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ ရထားဖြင့်ထွက်ခွာလာကြရာ ရထားပေါ်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ပျဉ်းမနား-မြို့ဟောင်း(မန္တလေး)အရှည် ၁၅၇ ဒသမ ၇၅မိုင် ဒွေးလမ်းရထားလမ်းဖောက်လုပ် နေမှုနှင့်စပ်လျဉ်း၍ တာပေါင်မြေကြီးလုပ်ငန်း၊ တံတားများတည်ဆောက်မှု လုပ်ငန်းနှင့် သံလမ်းများခင်းကျင်းမှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၁** ✡



## တည်ဆောက်ပြီးစီးမှု

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

**မြန်မာ့အလင်း** **အယ်ဒီတာ့အာဘော်**

(၂၀၀၆ ခုနှစ်၊ သြဂုတ်လ ၆ ရက်)

# ပညာစွမ်းပကားဖြင့် တည်ငြိမ်ခိုင်မာသော အနာဂတ်ကိုတည်ဆောက်

မျက်မှောက်ကာလတွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွှယ်ပြောင်းလဲနေသည်။ ယင်းကဲ့သို့သော အချိန်အခါမျိုးတွင် မီဒီယာအား၊ နည်းပညာအား အသာစီးရနေကြသည့် နိုင်ငံကြီးအချို့သည် ၎င်းတို့၏အတွေးအမြင် အယူအဆနှင့် လူနေမှုဓလေ့စရိုက်တို့ကို ကမ္ဘာ့နိုင်ငံ အသီးသီးတွင် စိမ့်ဝင်လွှမ်းမိုးနိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမျက်နှာစာများမှ လွှမ်းခြုံထိုးဖောက်လျက်ရှိသည်။

ယင်း အခြေအနေတွင် နိုင်ငံသူနိုင်ငံသားတိုင်းသည် အသိအမြင်၊ ဗဟုသုတပြည့်စုံကြွယ်ဝပြီး အမျိုးသားရေး အမြင်ဓာတ်ခံရှိမှသာ နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မှန်ကန်စွာသုံးသပ်ရှုမြင်နိုင်မည်ဖြစ်သည်။

ဆရာ ဆရာမများသည် တပည့်ကျောင်းသူ ကျောင်းသားများကို ဆင်ခြင်တွေးတောချိန်ဆတတ်သည့် အသိဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်သည့် စွမ်းအားတို့ဖြင့် ပြည့်စုံနေစေရန် လေ့ကျင့်ပျိုးထောင်ပေးရင်း လူငယ်များ၏ စွမ်းအားကို မြှင့်တင်ပေးကြရမည်ဖြစ်သည်။

ယနေ့ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူလိုသည့် အဖျက်အမှောင့်သမားများသည် လူငယ်လူရွယ်များအား အယူအဆမှားများ သွတ်သွင်းပြီး ဆူပူအုံကြွ အကြမ်းဖက်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ဖန်တီးလျက်ရှိသည်။ ယင်းလှုံ့ဆော်ဖန်တီးမှုများကို လူငယ်များ၏ ဆင်ခြင်တုံတရားမြင့်မားစေခြင်းဖြင့်သာ ဟန့်တားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမှု ပကတိအခြေအနေမှန်များ၊ ဆူပူရမ်းကားမှုများကြောင့် တိုင်းပြည်နစ်နာဆုံးရှုံးခဲ့ရသည့် အနိဋ္ဌာရုံများကို ကျောင်းသူ ကျောင်းသား လူငယ်များ မှန်ကန်သည့်အသိနှင့် ရှုမြင်ဆင်ခြင်နိုင်စေရန် လူငယ်များ၏ အသိဉာဏ်စွမ်းအား မြင့်မားသည်ထက် မြင့်မားစေရေး ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှသည် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာစေရေးအထိ အမျိုးသားရေး ပန်းတိုင်ဆီသို့ မယိမ်းမယိုင် ကြိုးပမ်းလျှောက်လှမ်းနေသည်။

ပြည်တွင်းပြည်ပ နှောင့်ယှက်ဖျက်ဆီးမှုအဖုံဖုံကို ရင်ဆိုင်ကျော်လွှားရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေး ကြိုးပမ်းမှုတွင် နိုင်ငံသူနိုင်ငံသားအားလုံး ပညာရည်မြင့်မားမှု၊ အသိအမြင် ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ ဆင်ခြင်တုံတရားပြည့်ဝမှု၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှုတို့နှင့် ပြည့်စုံရန် အထူးလိုအပ်သည်။

အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားဖြင့်သာ နိုင်ငံ့သားကောင်း အရည်အသွေးများဖြင့် ပြည့်ဝသော ပြည်သူများ ဖြစ်လာစေမည် ဖြစ်သည်။ ထို့ကြောင့် ဆရာဆရာမများက မိမိနိုင်ငံ မိမိလူမျိုးအတွက် တည်ငြိမ်ခိုင်မာသောအနာဂတ်ကို ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**စက်တင်ဘာ ၃ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဦးရဲအောင်-ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက် ကြက်ဆူပင်စိုက်ပျိုးရေး)က ငွေကျပ် ၃၅၀၀၀၀ ကို ဆွမ်းပဒေသာပင်အတွက် ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လက်ခံစဉ်။** (သတင်းဖော်ပြပြီး) (မြန်မာ့အလင်း)

## အသည်းရောင်အသားဝါ "ဘီ" နှင့် "စီ" ရောဂါ ကုထုံးနှင့် ကာကွယ်ဆေးအကြောင်းဟောပြောမည်

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် အသည်းရောင်အသားဝါရောဂါဘီနှင့်စီတို့၏ နောက်ဆုံးပေါ် အခြေအနေများနှင့် ကုထုံးများ၊ ကာကွယ်ဆေးများအကြောင်းကို သမားတော်ကြီးများနှင့် အဏုဇီဝဗေဒပညာရှင်များက စက်တင်ဘာ ၉ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက် ခန်းမဆောင်(အေ)၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

အကျယ်တဝင့် ဟောပြောချက်များကို စာအုပ်အဖြစ် ပေးဝေမည်ဖြစ်ပြီး တက်ရောက်လိုသူများသည် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁)လမ်းမတော်၊ အဏုဇီဝဗေဒဌာန တပ်မတော် ဆေးတက္ကသိုလ်၊ အဏုဇီဝဗေဒဓာတ်ခွဲခန်း ရောဂါရှာဖွေရေးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့တွင် မှတ်ပုံတင်နိုင်ပြီး ဟောပြောမည့်နေ့ နံနက်ပိုင်းတွင်လည်း မှတ်ပုံတင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မင်္ဂလာတောင်ညွန့်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ



၂ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အသင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ဦးစိန်ဌေး (အနန္တသုခတိုင်းရင်းဆေးတိုက် ပိုင်ရှင်)က လှူဒါန်းသော ငွေကျပ်၇၅၀၀၀၀တန်ဖိုးရှိ ခြင်ဆေးမှုတ်စက်ကို လက်ခံသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ အလုပ်အမှုဆောင် ဦးတင်အောင်က မြို့နယ်အသင်းကို အဘက်ဘက်မှ ပံ့ပိုးကူညီပေးသည့် ဦးထွန်းမြင့်-ဒေါ်အေးအေးမြင့် (KSS နတ်သုဒ္ဓါဒံပေါက်) **(အပေါ်ပုံ)** အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ မြို့နယ်စီးပွားရေးအထောက်အကူပြုစက်မှုနှင့်ကုန်သည်များအသင်းက ငွေကျပ်၁၀၀၀၀၀၊ မြန်မာနိုင်ငံဆီကုန်သည်ကြီးများနှင့် မြို့နယ် ဆီလုပ်ငန်းရှင်များက ငွေကျပ် ၁၀၀၀၀၀နှင့် အလှူရှင်အသီးသီး၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်အသင်းအတွင်းရေးမှူး ဦးဇော်လင်းက ဆောင်ရွက်ပြီး အစည်းအဝေးတွင် တစ်နှစ်တာကာလ ဆောင်ရွက်ခဲ့ကြသော စည်းရုံးရေး၊စီမံရေး၊စီးပွားရေးစသည်တို့နှင့်စပ်လျဉ်း၍ စာတမ်းများ၊ အစီရင်ခံစာများ တင်သွင်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ပြန်လည်သုံးသပ်အကြံပြုဆွေးနွေးကြရာ အကြံပြုဆွေးနွေးချက်များအပေါ် မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး သဘာပတိက ဆုံးဖြတ်ချက်(၂)ရပ်၊ အတည်ပြုခြင်း(၁)ရပ်၊ မှတ်တမ်းတင်ခြင်း(၂)ရပ်တို့ကို ချမှတ်ကြသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၅)ရပ်ကွက်၊ ကန်သာယာ (၂)လမ်း အမှတ် ၉၆၀ နေ ဦးသာဓု-ဒေါ်ခင်ကျော့နှင့် သားသမီးမြေးမိသားတစ်စုတို့က ဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

**၆-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"**(အပိုင်း-၁၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -ပညာလည်းရှာ စာဝါပို့ချ
၁၉။ English Usage
၂၀။ ဗီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်နှင့်အတူ ပျံသန်းနေသော"** (အပိုင်း-၁)

# သီတဂူဆရာတော်အရှင်ဉာဏိဿရ ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်၌ တရားတော်များ ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၅

**စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt. Ph.D)သည် စက်တင်ဘာ၉ရက်(စနေနေ့)ည၇နာရီတွင် ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်တော်ကြီး သီတဂူဓမ္မပလ္လင်၌ တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)



# ဗိုလ်တထောင်စေတီတော်၌ တရားတော်များချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၄**

၁၃၆၈ခုနှစ် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ ၆ ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ၇ ရပ်ကွက် အာဒိကာရုံတိုက် မင်္ဂလာသီရိကျောင်း ဦးစီးပဓာန နာယက သာသနဓဇ ဓမ္မာစရိယ သာသနတက္ကသိလ မဟာဓမ္မာစရိယ ဘဒ္ဒန္တ ကုန္ဒာစာရက လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ရေဝတီတိုင်း ဖျာပုံမြို့နယ် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဝေပုလ္လက လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်း လုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စိုက်ခင်းရှုရပ်မျှော်စင်ပေါ်မှနေ၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ဧက၁၀၀အတွင်း ကြက်ဆူပင်နှင့် စိန်တစ်လုံးသရက်ပင်များ ရှင်သန်ဖွံ့ဖြိုးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အမှတ်(၂) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (ချမ်းသာကုန်း)ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက အမှတ်(၂) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း နှစ်ရှည်သီးနှံပင်များဖြစ်သည့် ခြံစည်းရိုးကြက်ဆူပင်ဧက ၂၅၀၊ သရက် ၈၀ ဒသမ ၄၄ ဧက၊ ဆီးပင် ၅ ဒသမ ၃၇ ဧက၊ ပျားလိမ္မော် ၁၇ ဧကနှင့် ရောက်ပင်တစ်ဧက စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးကန်များအတွင်း ငါးကောင်ရေ ငါးသိန်းနှင့် ဥစားကြက်ကောင်ရေ ၃၅၀၀ မွေးမြူထားရှိမှု၊ ဘက်စုံခြံ ခုနစ်ခြံတွင် စုစုပေါင်း မြေဧရိယာ ၈၈၃ ဧကနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်းရှိ ပဲစင်းငုံစိုက်ခင်း၊ ငရုတ်ပင်စိုက်ခင်းနှင့် မိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ငါးမွေးမြူရေးကန်ကိုလည်းကောင်း၊ ပြောင်းစိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ခင်းများကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အနေဖြင့် ခြံစည်းရိုးကြက်ဆူပင် လျာထားဧက ၆၀၄၅၁၃ ဧကတွင် ၆၀၇၆၀၀ ဒသမ ၅၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

## တက်ရောက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့၌ ကျင်းပသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း မြန်မာ့အပ်ချုပ်စက် စက်ရုံ (တိုးချဲ့) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်အတူ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဖိနပ်စက်ရုံသို့ ရောက်ရှိကြပြီး ဖိနပ်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ ဖိနပ်များ ခင်းကျင်းပြသထားရှိမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

## ရှင်းလင်းပြသ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်–ရဲရွာကားလမ်း မိုင်တိုင်အမှတ် (၁၀/၂) စဉ့်ကိုင်မြို့နယ်ရှိ ချည်မျှင်ရှည်ဝါ မျိုးသန့်စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံကျေးရွာမှ ဝါစိုက်တောင်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မျိုးသန့်စိုက်ပျိုးရေးဇုန်အတွင်း နတ်ရေကန်ကျေးရွာမှ တောင်သူ ဦးကျော်၏ ငွေချည်(၂) အမျိုးအစား ဝါ ရှစ်ဧကစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း တိုင်း စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်ဆွေက ရှင်းလင်းပြသသည်။

ဆက်လက်၍ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းက ဒေသတွင်းစိုက်ပျိုးလျက်ရှိသည့် ငွေချည်ဝါမျိုးတို့၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ–ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်ထားသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၏ ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ အမှတ်(၂)တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက်ဆောလျင်စွာပြီးစီးအောင်ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ လုပ်ငန်းခွင်ရှုရပ်မှလည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုပ်ငန်းခွင်ရှုရပ်မျှော်စင်မှ EL-139 မှ RCC ကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ EL-139မှ ဥမင် (Abutment Gallery) ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

## ထုတ်လုပ်ဖြန့်ဖြူး

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှာ မြစ်ငယ်မြစ်ပေါ်၌ ရေလှောင်တမံတည်ဆောက်ပြီး မဂ္ဂါဝပ် ၇၉၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ကို ဓာတ်အားကွန်ရက်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒုဋ္ဌဝတီတံတား (ရဲရွာ)၏ ကြံ့ခိုင်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် မြစ်ငယ်မြစ်၏ ရေဝတီမြစ်အတွင်း မြစ်ရေစီးဝင်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ငယ်–ထုံးဘိုဖြတ်လမ်း မိုင်တိုင်အမှတ် (၉/၃)၌ ဒွေးလမ်းဖောက်လုပ်နေမှုအခြေအနေနှင့် မြစ်ငယ်–ထုံးဘိုဖြတ်လမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၇/၀)ရှိ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် ထုံးဘို–မြစ်ငယ်ဖြတ်လမ်း (ဒွေးလမ်း) ဖောက်လုပ်ခြင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လုပ်ငန်းမန်နေဂျာ ဒေါ်နန်းကြာလီက စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပြုပြင်ထိန်းသိမ်း

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းသစ်ကို ပြီးစီးအောင် ဖောက်လုပ်ရေးနှင့် လမ်းဟောင်းကို ပြုပြင်ထိန်းသိမ်းရေး မှာကြားကာ မြေသားလမ်းဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ်သို့ရောက်ရှိကြပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန၏ ရန်ကုန်–မန္တလေးလမ်း တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

# ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ဘဏ္ဍာငွေများ ရှာဖွေပေးနေ လုပ်ငန်းတိုင်း ဥပဒေနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လက်ရာသေသပ်လှပစွာ သတ်မှတ်ချိန် ပြီးစီးရေး၊ လုံခြုံမှုရှိရေးဆောင်ရွက်ရန် မှာကြားသည်။

## တွေ့ဆုံ

မန္တလေးတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ တက်ရောက် အမှာစကား ပြောကြားကြသည်။

ရှေးဦးစွာ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

## အလေးအနက်ထား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် နိုင်ငံသားကောင်းပီသစွာ၊ ဝန်ထမ်းကောင်းပီသစွာ အလေးအနက်ထား ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း**(အပေါ်ပုံ)**က ဒေသခံပြည်သူများအား ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေး စည်းရုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးရိုးသားသား မှန်မှန်ကန်ကန်ဖြင့် ကြိုးစားဆောင်ရွက်ရန်၊ စည်းမျဉ်းဥပဒေများနှင့်အညီ တာဝန်သိစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရှာဖွေပေးနေရသည့် ဌာန၊ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရသည့် ဌာနကြီးဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိလေသာများ မြစ်တားမှသာ

* တပ်မက်စရာ၊ အဖြာဖြာအား
မြင်ကြားသိရှိ၊ တွေ့ထိခံစား
အဖြစ်များကြောင့်
ပွားများဒုက္ခ၊ ကြုံကြရ၏။

* မခံချင်အောင်၊ လာတို့ထောင်၍
မောက်ထောင်ဒေါသ၊ ဟုန်းဟုန်းကြွပြီး
ဒုက္ခလှလှ၊ ကြုံကြရ၏။

* မသိတာတွေ၊ များလှချေ၍
ခြေနေကြောင်းချက်၊ တွက်ချက်ပိုင်းခြား
ဘယ်ဟာမှား၍၊ ဘယ်ကားအမှန်
ဆင်ခြင်ဉာဏ်သုံး
ဆုံးဖြတ်ခြင်းငှာ၊ မစွမ်းသာ၍
များစွာဒုက္ခ၊ ကြုံကြရ၏။

* လောဘ၊ ဒေါသ၊ မောဟစသည့်
ကပ်ငြိတွယ်လာ၊ ကိလေသာတစ်သိုက်
ကြိုက်သလိုမွှေ၊ ခွင့်ပြုချေက
မသွေထုတ်ချောက်
နိဗ္ဗာန်ရောက်ရေး၊ အလွန်ဝေးလိမ့်။

* လူရေးလူရာ၊ လောကီမှာလည်း
ချမ်းသာနှင့်လွဲ၊ ဆင်းရဲဖုံဖုံ
ဒုက္ခကြုံ၍
နုံချာဘဝ၊ ဖြစ်ကြရလိမ့်။

* ထိုကိလေသာ၊ အဖြာဖြာသည်
ခန္ဓာပြင်ပ၊ ဗဟိဒ္ဓမှ
ဝင်ကြသည်သာ၊ ဖြစ်ကြပါ၏။

* ဘဝလွန်မြောက်၊ မျက်မှောက်နိဗ္ဗာန်
ရောက်ဖို့ရန်မှာ၊ ဝိပဿနာတရား
ရှုမှတ်ပွား၍၊ အနားကပ်လာ
ကိလေသာကို၊ ခန္ဓာအတွင်း
မချင်းနင်းအောင်
ဦးအောင်ရုံတား၊ ပိတ်ဆို့ထားပြီး
ဟန့်တားပိုင်စွာ၊ မောင်းထုတ်ရာ၏။

* လောကီရေးမှာ၊ ကိုယ့်ပြည်ရွာအား
ချဉ်းလာကပ်လာ၊ ကိလေသာကို
သေချာစောင့်ကြည့်၊ သတိမလစ်
မျိုးချစ်တရား၊ ရှုမှတ်ပွား၍
ဟန့်တားပိုင်စွာ၊ မောင်းထုတ်ရာ၏။

* ဖြစ်ဆဲဘဝ၊ လူလုံးလှ၍
ဘဝနောင်ခါ၊ သံသရာတွက်
ဤအချက်များ၊ သတိထားပြီး
ပွားများရမည်ဖြစ်သတည်း။ ။

**မေခရ**

# ဆွေးနွေးပွဲမတိုင်မီ ယူရေနီယံသန့်စင်မှုရပ်ဆိုင်းမည်မဟုတ်ဟု အီရန်သမ္မတက ကုလအတွင်းရေးမှူးချုပ်အား ပြောကြား

တီဟီရန် စက်တင်ဘာ ၅

**နျူကလီးယားအရေးနှင့် ပတ်သတ်၍ အီရန်နိုင်ငံက စေ့စပ်ဆွေးနွေးရန် အသင့်ရှိကြောင်း အီရန်သမ္မတ မာမွတ်အာမက်နီဂျက်က မိမိအားထပ်မံအတည်ပြုပြောကြားလိုက်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က တနင်္လာနေ့တွင် ပြောကြားသည်။**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီနှင့် ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ မွတ်အာမက်နီဂျက်နှင့် ထိုနေ့စောစောပိုင်းက တွေ့ဆုံဆွေးနွေးကြသည်။

နျူကလီးယားအရေးနှင့် စပ်လျဉ်း၍ မိမိသည် အီရန်၏ သဘောထားကို ပိုမိုသိရှိလာပြီး ယင်းကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ကိုဖီအန်နန်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ရပ်ဆိုင်းမည်မဟုတ်

သို့သော် စေ့စပ်ဆွေးနွေးပွဲမတိုင်မီ အီရန်က ယူရေနီယံသန့်စင်မှုကို ရပ်ဆိုင်းထားမည်မဟုတ်ကြောင်း အီရန်သမ္မတက ထပ်လောင်းပြောကြားသည်ဟုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်သည် အီရန်သမ္မတ မာ



မိုက်ခရိုချစ်ထုတ်လုပ်

**ကမ္ဘာ့အကြီးဆုံး မိုက်ခရိုချစ်ထုတ်လုပ်သည့် အင်တဲလ်ကုမ္ပဏီ၏ လုပ်ငန်းခွဲတည်ရှိရာ စင်ကာပူနိုင်ငံ၌ မိုက်ခရိုချစ်ထုတ်လုပ်ရေး လုပ်ငန်းခွင်ကို စက်တင်ဘာ ၄ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# နီပေါမှရေဘေးဒုက္ခသည်များ အကူအညီများလိုအပ်နေ

**ခတ္တမန္ဒူ စက်တင်ဘာ ၅**

နီပေါနိုင်ငံမှ ထောင်ပေါင်းများစွာသော ရေဘေးဒုက္ခသည်များကို လူသားချင်း စာနာထောက်ထားရေး အရေးပေါ် အကူအညီများနှင့် ရောဂါဘယ ဖြစ်ပွားမှုမှ ကာကွယ်ပေးရန်လိုအပ်ကြောင်း ကုလသမဂ္ဂ သံတမန်တစ်ဦးက ပြောကြားသည်။

### သေဆုံး

နီပေါနိုင်ငံ အနောက်ပိုင်းတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျခဲ့သဖြင့် အနည်းဆုံး လူ၅၀ခန့် သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာသော ဒုက္ခသည်များကို စာသင်ကျောင်းများ၊ ယာယီစခန်းများတွင် နေရာချထားခဲ့ရကြောင်း သိရသည်။

### ဆွေးနွေး

နီပေါနိုင်ငံရှိ ရေဘေးဒုက္ခသည်များအတွက် နေထိုင်စရာ၊ အစားအစာ၊ အဝတ်အထည်၊ ရေနှင့်ဆေးဝါးများ အရေးတကြီး လိုအပ်နေကြောင်းဖြင့် နီပေါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားရေး ညှိနှိုင်းရေးမှူး မက်သယူးဘာဟိန်းက စက်တင်ဘာ ၁ရက်က ထုတ်ဖော်ကြေညာသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နိုင်ငံ စာသင်ကျောင်းတစ်ကျောင်းတွင် ကလေး ၂၀၀ကျော် အစာအဆိပ်သင့်

ပေကျင်း စက်တင်ဘာ ၅

**တရုတ်နိုင်ငံအနောက်တောင်ပိုင်း မူလတန်းကျောင်းတစ်ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၀၀ကျော်သည် ယခုသီတင်းပတ်ကုန်က အစာအဆိပ်သင့်၍ ဆေးရုံတင်လိုက်ရကြောင်း ဆင်ဟွာသတင်းဌာနက စက်တင်ဘာ ၄ရက်၌ ဖော်ပြသည်။**

ပြည်နယ် အာဏာပိုင်များက အဆိုပါ အစာအဆိပ်သင့်ရခြင်း အကြောင်းကို စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း၊ အစာအဆိပ်သင့်ကလေးများမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်း တစ်ဦးမျှမရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

### မကြာခဏဖြစ်ပွား

အစာအဆိပ်သင့်မှုများ မကြာခဏ တရုတ်ကျောင်းများ၌ ဖြစ်ပွားလေ့ရှိပြီး အများစုမှာ ကျေးလက်ဒေသများမှဖြစ်ကြောင်း သိရသည်။

### ၁၈၅ကြိမ်

အစာအဆိပ်သင့်မှုသည် ဧပြီလမှ ဇွန်လအထိ ဖြစ်ပွားမှု ၁၈၅ကြိမ်ရှိခဲ့ရာ လေးပုံတစ်ပုံမှာ ကျောင်းမုန့်ဆိုင်များကြောင့်ဖြစ်ရကြောင်း တရုတ်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အကြမ်းဖက်မှု တိုက်ဖျက်ရေး ရုရှားနှင့်တရုတ် ပူးတွဲလေ့ကျင့်မည်

**မော်စကို စက်တင်ဘာ ၅**

တရုတ်နှင့် ရုရှားရဲတပ်ဖွဲ့ဝင်များသည် လာမည့်နှစ်အတွင်း ပူးတွဲ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှုများကို ရုရှားနိုင်ငံအရှေ့ပိုင်းတွင် ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားပြည်ထဲရေး ဒုတိယဝန်ကြီး နီကိုလိုင်အိုချန်နီကော့ဗ်က ပြောကြားသည်။

### အဓိကထား

ရုရှားနှင့် တရုတ်နှစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရေးတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးကို အဓိကထား ဆောင်ရွက်သွားကြမည်ဖြစ်သည်။

တရုတ်နှင့်ရုရှားနှစ်နိုင်ငံရဲတပ်ဖွဲ့သည် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ၁၉၉၃ခုနှစ်မှစတင်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စစ်ရေးလေ့ကျင့်မှုအတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ကြောင်း နီကိုလိုင်အိုချန်နီကော့ဗ်က ထပ်မံပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## လေ့ကျင့်ပေးထားသော ရှဉ့်နီလေး

**လေ့ကျင့်ပေးထားသော အနီရောင်ရှဉ့်ကလေးအား တွေ့ရစဉ်။**(အောက်ပုံ)

ကနေဒါနိုင်ငံ အိဒ်မန်တန်မြို့အနီး စိန့်အယ်ဘတ်မြို့လေးရှိ အမျိုးသားတစ်ဦးက ထိန်းသိမ်းမွေးမြူထားသော အနီရောင်ရှဉ့်လေးတစ်ကောင်မှာ အစားအစာများကို ယူဆောင်ပေးခြင်း၊ လူ့အသုံးအဆောင်ပစ္စည်းများကို ရွေးချယ်ပြနိုင်ခြင်းအပြင် အခြားလုပ်ဆောင်မှုများလည်း ပြုလုပ်နိုင်စွမ်းရှိကြောင်း သိရသည်။ **(အင်တာနက်)**



## ထူးခြားသည့် အဝတ်အစားဒီဇိုင်း

**ထူးခြားစွာ ဒီဇိုင်းဖော်ထားသည့် ဝတ်စားဆင်ယင်မှုတစ်ခုကို တွေ့ရစဉ်။**(အပေါ်ပုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် မက္ကဆီကို ကချေသည်တစ်ဦးက အဝတ်အစားများနှင့်တွဲကာ ကြီးမားသော အသည်းပုံသဏ္ဌာန် ပလတ်စတစ်ဒီဇိုင်းတစ်ခုကို ဝတ်ဆင်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



# အာဖဂန်၌ ကားဗုံးခွဲတိုက်ခိုက်

**ကဘူးလ် စက်တင်ဘာ ၅**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် စက်တင်ဘာ ၄ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လူခြောက်ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

### ပါဝင်

ကဘူးလ်မြို့တွင် ကင်းလှည့်နေသော ဗြိတိသျှ တပ်ဖွဲ့အနီးတွင် တနင်္လာနေ့ နံနက်ပိုင်းက အသေခံကားဗုံးခွဲ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားငါးဦးတို့ ပါဝင်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# အာဆီယံ-တရုတ် ဆွေးနွေးပွဲ(၁၅)နှစ်မြောက်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး အောက်တိုဘာ ၃၀ ရက်၌ နန်နင်း၌ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

**ယမန်နှစ်ကကျင်းပခဲ့သော နဝမအကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များအကြား သဘောတူညီမှုအရ အာဆီယံ-တရုတ် ဆွေးနွေးပွဲ (၁၅)နှစ်မြောက် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ နန်နင်းမြို့၌ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။**

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။ တတိယအကြိမ် တရုတ်-အာဆီယံပြပွဲ (CAEXPO)နှင့် တတိယအကြိမ် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (CABIS)တို့ကိုလည်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ-တရုတ် ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပမည့် တရုတ်နှင့်အာဆီယံ (၁၀)နိုင်ငံ ခေါင်းဆောင်များအကြား ပထမဆုံးသော ထိပ်သီးအစည်းအဝေးဖြစ်ကြောင်း၊ အာဆီယံ-တရုတ် ဆက်ဆံရေးတွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်းနှင့် နှစ်ဖက်ခေါင်းဆောင်များသည် အာဆီယံ-တရုတ် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ အောင်မြင်မှုအတွေ့အကြုံများကို သုံးသပ်ကာ အနာဂတ်တွင် အာဆီယံ-တရုတ် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်ဖွံ့ဖြိုးစေရန် အစီအမံများ ရေးဆွဲချမှတ်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ချင်းပြည်နယ် ကလေးမြို့ ဗိုလ်ချုပ်လမ်းနေ ဦးငြိမ်းအောင်-ဒေါ်ထွေးကြည်၊သားမောင်စည်သူထွန်း၊မောင်အာကာဖြိုး၊ သမီး မတင်ဥမ္မာဝင်း(စိုးမိုးကျော်နှင့်ဝိုင်းဝိုင်းလည်) ထိဆိုင်မိသားစုက အလှူတော်ငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ရှင်သာမဏေဓမ္မဗိမာန်တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၅**

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရှင်သာမဏေဓမ္မဗိမာန်၌ ဒလ/အုံကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ မူလကျင့်စဉ်နှင့်အညီ အနာဂါမ်ဆရာ သက်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေးတရားစခန်းကို စက်တင်ဘာ၈ရက်မှ ၁၄ရက်အထိ ညနေ၅နာရီမှ ၆နာရီခွဲအတွင်း ဟောပြောပို့ချမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖုန်း-၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

### ✳ *ကျောဖုံးမှ*

ဦးလှသိန်း၊ ဒေါ်ကျင်လှ၊ ကညင်ကုန်းကျေးရွာ ရပ်ကျေးအဖွဲ့ဝင်ဦးမြင့်သန်း၊ ဦးစိုးဝင်း၊ ဦးထွန်းမြင့်၊ ဒေါ်လုံးတင်တို့ အပါအဝင် ပါတီဝင် ၂၁ ဦးတို့သည် ဇူလိုင် ၃၁ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဒေးဒရဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းမရှိဘဲ တိုင်းပြည်နှင့် လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးလှမြင့်ဦး အာဆီယံဝန်ထမ်းအဖွဲ့အစည်းအဝေးတက်ရန်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၅**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးဦး၊ ဦးညီထွန်း၊ ဦးကျော်အောင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရန်ရိမြို့၌ စက်တင်ဘာ ၅ရက်မှ ၆ရက်အထိ ကျင်းပမည့်(၁၃)ကြိမ်မြောက်အာဆီယံနိုင်ငံ ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီး၏ နည်းပညာအစည်းအဝေးနှင့် အာဆီယံနိုင်ငံ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသည့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးအား စက်တင်ဘာ ၁ရက်က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ ကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ် ဦးဝင်းမောင်တို့လည်း လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# ထူးကဲဒီရေ တက်ဖွယ်

ရန်ကုန် စက်တင်ဘာ ၅

**၂၀၀၆ခုနှစ် စက်တင်ဘာ၇ရက်မှ ၁၂ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၀ဒသမ ၈ပေခန့်မှ ၂၁ဒသမ ၇ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၁)ရပ်ကွက် ဓမ္မာရုံလမ်း အမှတ် ၅၈၈ အခန်း ၈ လေးလွှာနေ ဦးစံတင်-ဒေါ်ခင်တိုး မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

### ■ *ကျောဖုံးမှ*

အချိန်မှာ ထိုနေ့ညနေ ၄ နာရီမိနစ် ၃၀တွင်ဖြစ်ကြောင်း၊ သို့သော် ရာသီဥတုကောင်းမွန်ပါက မွန်းလွဲ ၁၂ နာရီ၂၈မိနစ်၌ လွှတ်တင်မည်ဖြစ်ကြောင်း နာဆာမှ အရာရှိတစ်ဦးဖြစ်သူ ကာသေးဝင်းတားစ်က ပြောကြားသည်။

**ဖော်ပြ**

အတ္တလန်တစ်အာကာသယာဉ်ကို ယနေ့လွှတ်တင်ရန် နာဆာအဖွဲ့က ဆုံးဖြတ်ထားသော်လည်း ရာသီဥတု ရုတ်တရက်ဆိုးရွားပါက စက်တင်ဘာ ၇ ရက်တွင်လည်းကောင်း၊ စက်တင်ဘာ ၈ ရက်တွင် လည်းကောင်း ဆက်တိုက်ကြိုးစားသွားမည်ဖြစ်သည်ဟု နာဆာက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

နာဆာသည် ယခင်အာကာသယာဉ်များ လွှတ်တင်မှုများကိုလည်း ယခုကဲ့သို့ အကြိမ်ကြိမ်ပြင်ဆင်ပြောင်းလဲခဲ့ရသည်။ **(ကိုးကား-အင်တာနက်)**

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# ကမ္ဘာ့အကြီးဆုံးခရီးသည်တင် ဂျက်လေယာဉ် စမ်းသပ်ပျံသန်း

**ပါရီ စက်တင်ဘာ ၅**

ကမ္ဘာပေါ်တွင်အကြီးဆုံးခရီးသည်တင် ဂျက်လေယာဉ် အေ-၃၈၀ကို ပြင်သစ်နိုင်ငံတောင်ပိုင်း တိုလောစီလေဆိပ်မှ စက်တင်ဘာ ၄ ရက်က စတင်စမ်းသပ်ပျံသန်းခဲ့ရာ ပျံသန်းမှုအစီအစဉ်များအားလုံး ချောမွေ့ပြီးမြောက်အောင်မြင်ခဲ့ကြောင်း ဥရောပလေယာဉ်ထုတ်လုပ်သူများက စက်တင်ဘာ ၅ ရက်၌ ပြောကြားလိုက်သည်။

**အောင်မြင်စွာ**

အဲဘတ်စ်စုပါဂျမ်ဘိုဂျက်လေယာဉ်ကြီးသည် လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းပေါင်း၄၇၄ဦးကို တင်ဆောင်ကာ စက်တင်ဘာ ၄ ရက် နံနက်ကစတင်ကာ ခုနစ်နာရီကြာမရပ်မနား လှည့်လည်ပျံသန်းခဲ့ပြီးနောက် တိုလောစီလေဆိပ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

**အမှာစာအတိုင်းပေးပို့**

ကမ္ဘာပေါ်တွင် အကြီးမားဆုံးဖြစ်သည့် အေ-၃၈၀ အဲဘတ်စ်စုပါဂျမ်ဘိုလေယာဉ်ကြီးသည် အလေးချိန်၃၀၈ တန်ရှိပြီး ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ပျံသန်းခြင်းဖြစ်ကာ စမ်းသပ်ပျံသန်းမှုများပြီးဆုံးပါက ယခုနှစ်ကုန်တွင် စင်ကာပူလေကြောင်းလုပ်ငန်းသို့ အမှာစာအတိုင်း ပေးပို့မည်ဖြစ်သည်။

**မှာကြားထား**

ထိုလေယာဉ်အမျိုးအစား ၁၅၉ စင်းကို ကမ္ဘာ့နိုင်ငံများရှိ လေကြောင်း ကုမ္ပဏီများက ဝယ်ယူရန် မှာကြားထားရာ တစ်စင်းလျှင် အမေရိကန် ဒေါ်လာ ၃၁၆သန်းဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**



# ကမ္ဘာတစ်ဝန်းရှိ နှလုံးရောဂါဝေဒနာရှင်များ ပိုလီပီလ်ဆေးဖြင့် အကာအကွယ်ပေးနိုင်တော့မည်

ဘာစီလိုနာ စက်တင်ဘာ ၅

**ကမ္ဘာတစ်ဝန်းရှိ နှလုံးရောဂါဝေဒနာရှင်သန်းပေါင်းများစွာအား နှလုံးရောဂါကုသရေး ဆေးသစ်တစ်မျိုးဖြင့် ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပလျက်ရှိသည့် နှလုံးရောဂါဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးကွန်ဂရက်တွင် ကျွမ်းကျင်သူများက စက်တင်ဘာ ၄ ရက်က ပြောကြားလိုက်သည်။**

ကာကွယ်နိုင်

“ပိုလီပီလ်”**ဟု ခေါ်ဆိုသည့် အဆိုပါနှလုံးရောဂါကုသဆေးတွင် အက်စပရင်၊ စထရင်စ်နှင့် အေစီအီးဆေးများ ပေါင်းစပ်ကာ ကုသခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။**

**ထိုဆေးဝါးများကို အသုံးပြုကုသခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို ၅၀ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပိုသောနှုန်းအထိ လျှော့ချပေးနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာဆစ်နေစမစ်က ပြောကြားသည်။**

**ပိုလီပီလ်ဆေးသည် လာမည့်တစ်နှစ် သို့မဟုတ် နှစ်နှစ်အတွင်း တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးတော့မည်ဖြစ်ရာ ထိုဆေးဖြင့်ကုသပါက နှလုံးရောဂါရှိသူများ နှလုံးရောဂါတိုက်ခိုက်မှုကို ခံစားရတော့မည် မဟုတ်သကဲ့သို့ လေဖြတ်ခြင်းဖြစ်ပွားမှုနှုန်းလည်း များစွာလျော့နည်းသွားမည်ဟု ဒေါက်တာစမစ်က ပြောကြားသည်။** (ကိုးကား-အင်တာနက်)

# ဇီဝလောင်စာထုတ်လုပ်နိုင်ရေး ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး ပြည်နယ်နှင့်တိုင်းအလိုက်စီမံချက်များချမှတ်၍ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

## စိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု၌ရင်းနှီးမြှုပ်နှံသွားပါက အကျိုးဖြစ်ထွန်းမည်သေချာ

ရန်ကုန် စက်တင်ဘာ ၅

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ခြံစည်းရိုးကြက်ဆူဆီ ဇီဝလောင်စာ ထုတ်လုပ်အသုံးချရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေး ဦးစီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ဓာတုအင်ဂျင်နီယာအုပ်စု၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးကုန်သည်များနှင့် ဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရွှေကုန်သည်များ အသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ နှမ်းကုန်သည်များ အသင်းတို့မှ ဥက္ကဋ္ဌများ၊စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ် အင်ဂျင်ထုတ်လုပ်ရေးလုပ်ငန်းနှင့် မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်နည်းပညာ တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် စက်မှုလုပ်ငန်းများ လည်ပတ် လုပ်ကိုင်နိုင်ရေးမှာ လောင်စာဆီက အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ လောင်စာများ ကုန်ခန်းသွားပါက စက်မှုလုပ်ငန်းများလည်း ရပ်ဆိုင်းသွားမှာဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာကြီးတွင် တစ်နေ့တခြား လောင်စာနှင့် ရေနံများ ကုန်ခန်းရှားပါးလာပြီဖြစ်ပြီး ပြန် လည်သုံးစွဲ Recycle လည်း လုပ်၍ မရသဖြင့် ဇီဝလောင်စာထုတ်လုပ်ကြရေးကို ကမ္ဘာ့နိုင်ငံအသီးသီးက နည်း လမ်းများ လေ့လာရှာဖွေနေကြကြောင်း။

ယနေ့ ကမ္ဘာတွင် သုံးစွဲနေသော လောင်စာဆီအရင်းအမြစ်များအနက် ရေနံစိမ်းသည် နှစ် ၄၀ စာ၊ သဘာဝဓာတ်ငွေ့သည် ၆၆ နှစ်စာ၊ ကျောက်မီးသွေးသည် ၁၉၁ နှစ်စာသာ ကျန်ရှိတော့ကြောင်း။

### ထုတ်လုပ်သုံးစွဲ

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ဒီဇယ်ဆီ ၃၂၅ ဂါလန်သန်း၊ ဓာတ်ဆီ ၁၂၀ ဂါလန်သန်း ဖြန့်ဖြူးနေရာ လွန်ခဲ့သည့်၂၀ရာစုကထက်နှစ်ဆနီးပါး ပိုမိုသုံးစွဲလာသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း လူနေမှုအဆင့်မြင့်တက်ခြင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လောင်စာဆီများ တိုးတက် လိုအပ်လာမည် ဖြစ်ကြောင်း၊ ရေနံစိမ်း၊ ဓာတ်ဆီဈေးများလည်း မြင့်တက်လာ၍ ဖွံ့ဖြိုးပြီး နိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများပါ လောင်စာ Bio Fuelခေါ် ပြန်လည်ပြည့်ဖြိုးနိုင်သော စွမ်းအင် (Renewable Energy) ထုတ်လုပ်သုံးစွဲရန်စီမံလာကြကြောင်း၊ Bio Diesel Dieselhol, Gasohol, Bioethanolစသည်ဖြင့် ဇီဝလောင်စာ အမျိုးမျိုးကို ထုတ်လုပ်သုံးစွဲ လာကြကြောင်း။

ဇီဝလောင်စာများ ထုတ်လုပ်ရန် ခြံစည်းရိုးကြက်ဆူ၊ ဆီအုန်း၊ ကြံ၊ ပီလောပီနံ၊ အစေ့ထုတ်ပြောင်း၊ နံ့စားပြောင်းစသည့် သီးနှံများကို သုံးစွဲရာ စိုက်ပျိုးမြေများ လိုအပ်ကြောင်း၊ သို့ဖြစ်၍ ယနေ့စိုက်ပျိုးရေး နိုင်ငံများသည် မဝေးတော့သော အနာဂတ်တွင် ဇီဝလောင်စာဆီများ ထုတ်လုပ်ရောင်းချနိုင်မည့်နိုင်ငံများ ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ ဇီဝလောင်စာဆီထုတ်လုပ်ရေး လုပ်ငန်းသည် သေချာပေါက် အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်း ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှလည်း ဇီဝဒီဇယ်ထုတ်လုပ်ရေးကို အောင်မြင်နေပြီဖြစ်ကြောင်း။



### အရှိန်အဟုန်ဖြင့်စိုက်ပျိုး

မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးသည့် ကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံသွားမည်ဆိုပါက သေချာပေါက် အကျိုးဖြစ်ထွန်းမည်ဟု အသိပေးလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ လမ်းညွှန်ချက်ဖြင့် ဇီဝလောင်စာ ထုတ်လုပ်နိုင်ရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခြံစည်းရိုးကြက်ဆူပင်များကို ပြည်နယ်နှင့်တိုင်းအားလုံး၌ စီမံချက်များချမှတ်၍ အရှိန်အဟုန်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲက ဇီဝလောင်စာဆီထုတ်လုပ်ရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူရိုင်းကို ၂၀၀၈ခုနှစ် ဒီဇင်ဘာလကုန်တွင် ဧက ခုနစ်သန်းပြည့်မီအောင် စိုက်ပျိုးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ သို့ဖြစ်၍ ပြည်နယ်နှင့်တိုင်းများက ခြံစည်းရိုးကြက်ဆူရိုင်းကို ၂၀၀၅ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ဒေသဆိုင်ရာ ဧကရှစ်သန်းကျော် စိုက်ပျိုးရန် ရည်မှန်းထားကြောင်း၊ ခြံစည်းရိုးကြက်ဆူရိုင်းကို နှစ်အလိုက်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၀၈ ခုနှစ်တွင် စုစုပေါင်းစိုက်ဧက ၈၁၂၉၂၅၈ဧက စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း။

### ပြင်ဆင်ထား

ယခု ကြက်ဆူပင်စိုက်ပျိုးထားရှိမှုမှာ ယခုနှစ်အစပိုင်းတွင် စိုက်ဧက ၁ဒသမ၃သန်းရှိပြီဖြစ်၍ ၂၀၀၇ခုနှစ်တွင် လှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ဧကမှပထမငါးနှစ်မြောက်ကာလတွင် အသီးသီးဆီထွက်ရှိမှုမှာ တစ်ဧကလျှင် ၇၈ ဂါလန်နှုန်းဖြစ်ကြောင်း၊ ဆဋ္ဌမမြောက်နှစ် နောက်ပိုင်းကာလတွင် တစ်ဧကလျှင် ဆီဂါလန် ၁၀၀နှုန်းခန့် ထွက်ရှိနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ကြက်ဆူပင်များ လှိုင်လှိုင် ထွက်လာသည့်အခါ ယာဉ်များတွင်အဆင်သင့်သုံးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ကြက်ဆူဆီကိစ္စများသည် စွမ်းအင်ဝန်ကြီးဌာန တစ်ခုတည်းကသာ မဟုတ်ဘဲ တစ်နိုင်ငံလုံးက ညီညွတ်စွာဖြင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးရွာတို့တွင် ပုဂ္ဂလိကအပိုင်းက ကြက်ဆူပင်စိုက်ပျိုးခြင်းကိုဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြခြင်းဖြင့် နောင်တွင် ပြည်ပသို့ ပို့ကုန်တစ်ရပ်အနေဖြင့် စီးပွားရေးဈေးကွက်ပုံစံများဖြစ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စွမ်းအင်အခက်အခဲကိစ္စကိုလည်းလုံးလုံးလျားလျားဖြေရှင်းပေးသွားနိုင်မည်ဖြစ်ကြောင်း။

### အသိပညာပေး

မကြာမီကာလတွင် ခြံစည်းရိုးကြက်ဆူပင်မှ ကြက်ဆူသီးများထွက်ရှိလာတော့မည်ဖြစ်သဖြင့် စနစ်တကျ ထုတ်လုပ်အသုံးချရေးကို ယခုကပင် စီမံချက်များချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလက ကြက်ဆူဆီအသုံးချမှုနှင့် ပတ်သက်၍ ပြပွဲတစ်ခုကိုကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပညာရှင်များက ကြက်ဆူဆီနှင့် ပတ်သက်၍ ရှာဖွေလေ့လာတွေ့ရှိချက်များကို ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပညာပေးသွားရန်လည်း လိုအပ်ကြောင်း။

ကြက်ဆူဆီအသုံးပြုသည့် စက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် အခြေခိုင်ခံ့စွာ ဖြစ်ထွန်းလာရေးတို့ကို နည်းလမ်းကြံဆကြရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍မကြာမီ မြောက်မြားစွာ ဖြစ်ထွန်းလာတော့မည့် ကြက်ဆူသီးမှ ကြက်ဆူဆီ ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံနိုင်မည့် အရည်အချင်းရှိသူများ၊ ရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသူများနှင့် တွေ့ဆုံ၍ ယနေ့အစည်းအဝေးကို ခေါ်ယူပြုလုပ်ရခြင်းဖြစ်ကြောင်း။

စီးပွားရေး လုပ်ငန်းရှင်များနှင့် ပညာရှင်များပူးပေါင်းပြီး ဇီဝလောင်စာ ထုတ်လုပ်သွားကြရန် တိုက်တွန်းအားပေးကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များက ဇီဝလောင်စာနှင့် ပတ်သက်၍ သိရှိလိုသောအချက်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းလေ့လာထားရန် ဖြစ်ကြောင်း။

**မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ခြံစည်းရိုးကြက်ဆူဆီ ဇီဝလောင်စာထုတ်လုပ်အသုံးချရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (စက်မှု-၁)

ကြက်ဆူဆီအသုံးပြုသည့် စက်ကိရိယာများနှင့် မီးဖိုများတီထွင် ထုတ်လုပ်ကြရန်၊ စက်မှုလုပ်ငန်းရှင်များကိုလည်း အားပေးတိုက်တွန်းပါကြောင်း၊ အဆိုပါစက်မှုလုပ်ငန်းများကို ယခုကပင် ကြိုတင်စီမံထူထောင် သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူဆီ ဇီဝလောင်စာထုတ်လုပ်အသုံးချရေးနှင့် စပ်လျဉ်း၍ စာတမ်းများကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်နယ်နှင့် တိုင်း အလိုက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးထွက်ရှိမှုနှင့် ကြက်ဆူစေ့အမျိုးအစား စာတမ်းများကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ခြံစည်းရိုးကြက်ဆူစေ့တွင် ပါဝင်ဖွဲ့စည်းထားသော ဓာတုပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ဇီဝလောင်စာအဖြစ် စမ်းသပ်ထုတ်လုပ် အသုံးချရေးနည်းလမ်းရှာဖွေစူးစမ်း လေ့လာမှုစာတမ်းကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အကြံပေးအရာရှိ ဦးမြင့်အေးက ရေနံအစားထိုး ဇီဝလောင်စာ ထုတ်လုပ် အသုံးချရေးနည်းလမ်းရှာဖွေစူးစမ်းလေ့လာမှုစာတမ်းကို လည်းကောင်း ပါဝါပွိုင့်ဖြင့် ဖတ်ကြားရှင်းလင်း တင်ပြကြသည်။

### စာတမ်းဖတ်ကြား

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာချိုဝင်းမော်က မြန်မာနိုင်ငံတွင် ဇီဝလောင်စာထုတ်လုပ်အသုံးချမှုစာတမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကခြံစည်းရိုးကြက်ဆူဆီဇီဝလောင်စာ လက်တွေ့စမ်းသပ် အသုံးပြုခြင်းစာတမ်းတို့ကို ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

### ရှင်းလင်းဆွေးနွေး

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၁၆ရက်က ကျင်းပသော အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်းစင် စင်သုံးစင်ဆိုင်းဘုတ်စိုက်ထူဖွင့်ပွဲနှင့် မိဘ ဆရာအသင်းနှစ်ပတ်လည်ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြကျောင်းအုပ်ဆရာကြီး ဦးကြည်ညွန့်ထံ ပညာရေးထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။** (က-ပ)

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ရန်ကုန် စက်တင်ဘာ ၅**

ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ပခုက္ကူအသင်းဓမ္မာရုံကို ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ပြုပြင်မွမ်းမံပြီးဖြစ်၍ ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီ၌ ပခုက္ကူအသင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းနာယကများ၊ အသင်းဝင်များနှင့် အလှူရှင်များအား ဖိတ်ကြားထားကြောင်းနှင့် ဖိတ်စာမရရှိသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၅၂)**

## မိုးကုတ်တရားစခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကပရိယတ္တိ စာဖြေဌာန (၂)ရပ်ကွက် သီတာလမ်း သာသနဟိတဓမ္မာရုံတော်မြတ်ကြီးတွင် စက်တင်ဘာ ၂၉ရက်မှ အောက်တိုဘာ ၁၀ရက်အထိ (၂၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲတွင် ဒေါက်တာစန္ဒာဝရာဘိဝံသ မိုးကုတ်အဖွဲ့ချုပ်ကြီး၏ နာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခ မဟာဌာနမှူး အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ကျိုက္ကလော့ဆရာတော် အရှင်သူမြတ်နှင့် ပွင့်ဖြူအရှင်တိလောက မိုးကုတ်ကမ္မဋ္ဌာနာစရိယ(လှိုင်သာယာမြို့နယ် ကမ်းပြိုကျောင်း) အရှင်မြတ်နှစ်ပါးတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသပေးမည်ဖြစ်ရာ အလှူရှင်မိသားစုများနှင့်တရားစခန်းဝင်ယောဂီများ စာရင်းပေးသွင်းနိုင်ကြရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

# အသိအမြင်၊ ဗဟုသုတပြည့်စုံပြီး အမျိုးသားရေးဓာတ်ခံရှိမှသာ နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မှန်ကန်စွာသုံးသပ်ရှုမြင်နိုင်မည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမျက်နှာစာများက စိမ့်ဝင်ထိုးဖောက်လာသည့် အယူဝါဒလွှမ်းမိုးမှုများကို မှန်ကန်သည့် အမျိုးသားရေးအသိဖြင့် တွန်းလှန်ဖယ်ရှား

ရန်ကုန် စက်တင်ဘာ ၅

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများ ပေးအပ်သည်။**





**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၉) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဒုတိယ ပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေနှင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံမှာ နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရအောင် ဆရာ ဆရာမများအပါအဝင် ပြည်သူများ၏ စွမ်းအားနှင့် အောင်အောင်မြင်မြင် တည်ဆောက်ပေးလျက် ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

## အပြန်အလှန်အကျိုးပြု

ရရှိဖြစ်ထွန်းလာနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ၏ အကျိုးကျေးဇူးကြောင့် မိမိတို့ပြည်သူများ၊ အမျိုးသားရေး စွမ်းအားစုများ၏ အရည်အသွေးနှင့် စွမ်းပကားသည် ပိုမိုထက်မြက် အားကောင်းလာလျက်ရှိသည်နှင့်အမျှ မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ အားထုတ်စွမ်းဆောင်နိုင်မှု စွမ်းအားကောင်းများသည်လည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို ပိုမိုမြင့်မားခိုင်မာလာစေပြီး အပြန်အလှန်အကျိုးပြု တိုးတက်ဖြစ်ထွန်းနေသည့် အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယင်းသို့ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အောင်မြင်ဖြစ်ထွန်းမှု အခွင့်အလမ်းကောင်းများကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားနှင့် ပေါင်းစပ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို အစွမ်းကုန်မြှင့်တင်ပေးကြရမည့် အချိန်အခါကို ရောက်ရှိနေပြီဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးက ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ပိုမိုပြီး တက်တက်ကြွကြွ ကျေကျေပွန်ပွန် ကြိုးစားဆောင်ရွက်ပေးကြရန် လိုကြောင်းဖြင့် ပထမဦးစွာ ပြောကြားလိုကြောင်း။

ပြည်သူများ၏ လိုလားချက်များ၊ နိုင်ငံတော်၏ လိုအပ်ချက်များ ပြည့်မြောက် အောင်မြင်ရေးအတွက် အထောက်အကူပေးရမည့် ပညာရေးကဏ္ဍ၏ လုပ်ငန်းစဉ်များကို အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းတွင် ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို ဆရာ ဆရာမများ သိရှိပြီးဖြစ်ကြောင်း။

## ပြန်လည်သုံးသပ်

ယင်းအမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းသည် ရှေ့အနှစ်(၃၀)ကို မျှော်မှန်း ချမှတ်ထားခြင်းဖြစ်သည်နှင့်အညီ ကာလတို ငါးနှစ်စီမံကိန်းများနှင့် နှစ်စဉ် လုပ်ငန်းစီမံချက်များ ပိုင်းခြားပြီး လုပ်ငန်းများကို နှစ်စဉ်နှစ်တိုင်း ပြန်လည်သုံးသပ် ဆွေးနွေးဆုံးဖြတ် ချမှတ်ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် အကောင်အထည်ဖော်မှုအပိုင်းမှာ လက်တွေ့ကျဖို့နှင့် အခြေခံအဆင့်မှာ အဆင်ပြေချောမွေ့အောင်မြင်ဖို့ အရေးကြီးကြောင်း။

အလားတူပင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းနှင့် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှု အောင်မြင်ဖြစ်ထွန်းမှုအပိုင်းမှာ နိုင်ငံတော်၏ အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သတ္တု၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍအသီးသီးက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် အောင်မြင်ဖြစ်ထွန်းမှုများနှင့် ဟန်ချက်ညီညီ ချိတ်ဆက်ဖြစ်ထွန်းနေစေရန် လိုအပ်ကြောင်း။

## လိုက်လျောညီထွေ

အထူးသဖြင့် နယ်မြေဒေသ အသီးသီး၏ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပညာရေးကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ချိတ်ဆက်မိစေရန် အခြေခံပညာ ဆရာ ဆရာမများက နိုးနိုးကြားကြား၊ တက်တက်ကြွကြွနှင့် လိုက်လျောညီထွေစွာ ကြိုးစားဆောင်ရွက်နေကြရမှာ ဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍမှာ ချမှတ်ထားသည့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေစေဖို့၊ နိုင်ငံသားတိုင်း အခြေခံပညာ သင်ယူပြီးမြောက်စေဖို့၊ အလယ်တန်း၊ အထက်တန်းအဆင့် ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားစေဖို့ ဆိုသည့် မျှော်မှန်းချက်များ အောင်မြင်ရေးသည် ကျေးလက်ဒေသ စာသင်ကျောင်းများမှာရှိသည့် ဆရာ ဆရာမများ၏ ကျောင်းသူ ကျောင်းသားမိဘများအပေါ် ဦးဆောင်နိုင်မှု၊ စည်းရုံးနိုင်မှု၊ ကူညီဖေးမနိုင်မှုများ အပေါ်မှာ မူတည်နေကြောင်း။

## လိုက်လံပျူငှာစွာဆက်ဆံ

အခြေခံပညာ ဆရာ ဆရာမများ အနေဖြင့် မြို့ပေါ်နှင့် ကျေးလက် လူတန်းစားစုံ၊ အလွှာစုံနှင့် ဆက်ဆံနေရသည့်အခါတွင် ကျောင်းသူ ကျောင်းသားများ မိဘများအပေါ် အဆင့်အတန်းမခွဲ၊ ဆင်းရဲ ချမ်းသာ မခွဲခြားဘဲ လိုက်လံပျူငှာစွာ ဆက်ဆံကြဖို့၊ တန်းတူညီမျှ ပညာသင်ကြားပေးကြဖို့လိုကြောင်း၊ ကျောင်းအပ်နှံရေး ပညာသင်ကြားရေးတို့နှင့် ပတ်သက်ပြီး မိဘများအပေါ် မလိုအပ်သည့် ဝန်ထုပ်ဝန်ပိုးမဖန်တီးမိစေဖို့၊ တတ်နိုင်သမျှ ကူညီဖေးမပေးနိုင်စေဖို့ လိုအပ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက ဖန်တီးပေးထားသည့် မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်း၊ ကျောင်းခွဲ ဆိုသည်များမှာ ကျေးလက်နေ ကျောင်းသူ ကျောင်းသားများ လွယ်လင့်တကူ ဆက်လက်ပညာသင်ယူနိုင်စေဖို့၊ တန်းစဉ်တက်ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားလာစေဖို့၊ အထူးသဖြင့် ကျေးလက်နေ ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ပိုမိုတိုးပွားလာစေဖို့ တစ်နည်းအားဖြင့် ကျေးလက် ပညာရည်မြင့်မားရေးကို ထိထိရောက်ရောက် အထောက်အကူဖြစ်နိုင်စေဖို့အတွက် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းမျှော်မှန်းချက်များ အောင်မြင်ပြီးမြောက်စေရအောင် ဆရာ ဆရာမများအပိုင်းက လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

## လွှမ်းခြုံထိုးဖောက်

ယနေ့အချိန်အခါကဲ့သို့ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် အချိန်အခါမျိုးတွင် Media အား၊ နည်းပညာအားအသာစီးရနေကြသည့် နိုင်ငံကြီးအချို့သည် ၎င်းတို့၏အတွေးအမြင် အယူအဆနှင့် လူနေမှု ဓလေ့စရိုက်တို့ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိမ့်ဝင်လွှမ်းမိုးနိုင်စေဖို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု မျက်နှာစာများကနေ လွှမ်းခြုံထိုးဖောက်လျက် ရှိကြောင်း။

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် မိမိတို့နိုင်ငံသူ နိုင်ငံသားတိုင်းသည် အသိအမြင်၊ ဗဟုသုတပြည့်စုံကြွယ်ဝပြီး အမျိုးသားရေးအမြင်ဓာတ်ခံရှိမှသာ နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးဆိုသည့် ရှုဒေါင့်က မှန်ကန်စွာ သုံးသပ်ရှုမြင်နိုင်မှာဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမျက်နှာစာများက စိမ့်ဝင်ထိုးဖောက်လာနေသည့် အယူဝါဒလွှမ်းမိုးမှုများကို မှန်ကန်သည့် အမျိုးသားရေးအသိဖြင့် တွန်းလှန်ဖယ်ရှားနိုင်မှာဖြစ်ကြောင်း။

## ကြိုးပမ်းတည်ဆောက်

အမျိုးသား ပညာရည်မြင့်မားမှုစွမ်းအားဖြင့်သာ နိုင်ငံ့သားကောင်း အရည်အသွေးများဖြင့် ပြည့်ဝသောပြည်သူများ ဖြစ်လာစေမှာဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးက ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်သစ် တည်ဆောက်ရေးတာဝန်အဖြစ်ခံယူပြီး မိမိနိုင်ငံ မိမိလူမျိုးအတွက် တည်ငြိမ်ခိုင်မာသော အနာဂတ်ကို ပညာရပ်ဆိုင်ရာစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ–

- **ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှအစပြုပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ရည်မှန်းပြီး အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားကို ပညာရေးကဏ္ဍက တစ်ဆင့် ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**
- **မိမိနိုင်ငံ မိမိလူမျိုး၏ အနာဂတ်ကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ် ခိုင်မာစွာဖြစ်ထွန်းနေစေရအောင် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအပါအဝင် အမျိုးသားရေးတာဝန် အရပ်ရပ်ကို ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါ**

ဟု ပြောကြားသည်။

## ဆုများပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***



**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသူ စံပြဆုရ ဆိပ်ကြီး ခနောင်တိုမြို့နယ် ခနောင်တို အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်သဇင်ကြည်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အတွင်းရေးမှူး(၁)က သိရှိလိုသည်များကိုမေးမြန်းပြီး လိုအပ်သည်များကိုမှာကြားကာ နေပြည်တော်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ ရထားတံတားများ၊ သံလမ်းခင်းကျင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပျဉ်းမနားဘူတာမှ မြို့ဟောင်း (မန္တလေး)အထိ အရှည် ၁၅၇ ဒသမ ၇၅ မိုင်ခရီးကို ဒွေးလမ်းရထားလမ်းဖောက်လုပ်လျက်ရှိရာ ယခုအခါ တာပေါင်မြေကြီးလုပ်ငန်းသည် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

**တည်ဆောက်ပြီးစီး**

အဆိုပါရထားလမ်း၌ တံတားကြီး ၁၅ စင်းအပါအဝင် တံတားပေါင်း ၄၈၉ စင်း တည်ဆောက်ရန်ရှိသည့်အနက် တံတား ၄၄၆စင်းကိုတည်ဆောက်ပြီးဖြစ်သည်။ တံတားကြီး ၁၅ စင်းအနက် ငါးစင်းသည် တည်ဆောက်ပြီးစီးနေပြီး ကိုးစင်းသည် တည်ဆောက်ဆဲဖြစ်ကာ တစ်စင်းသာ တည်ဆောက်ရန် ကျန်ရှိနေသည်။

ရထားသံလမ်းခင်းကျင်းခြင်း လုပ်ငန်းတွင် အရှည် ၅၇ ဒသမ ၇၅ မိုင်ကို ကွန်ကရစ်ဇလီဖားတုံးခံ သံလမ်းများဖြင့် ခင်းကျင်းပြီးစီးနေပြီး ၅၁ မိုင်ကို ဆက်လက်ခင်းကျင်းလျက်ရှိသည်။

**တစ်ဆက်တစ်စပ်တည်း**

အဆိုပါပျဉ်းမနား-မြို့ဟောင်း (မန္တလေး) ဒွေးလမ်းရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၀၇ ခုနှစ်အတွင်းအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ရန်ကုန်မှ ပျဉ်းမနား ၂၂၅ မိုင်သည် ဒွေးလမ်း ရထားလမ်းအဖြစ် ဖောက်လုပ်ပြီးဖြစ်၍ ယခုဖောက်လုပ်နေသည့် ပျဉ်းမနား- မြို့ဟောင်းဒွေးလမ်းရထားလမ်းပြီးစီးပါက ရန်ကုန်မှ မန္တလေးအထိ ဒွေးလမ်း ရထားလမ်းအဖြစ် တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာတော့မည်ဖြစ်သည်။



**အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ယင်းနောက်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ စက်တင်ဘာ ၄ရက်နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသော အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး နံနက် ၁၀နာရီတွင် ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာအနီးရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ရောက်ရှိကြရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အထက်မြန်မာပြည်၌ ဖြစ်ပွားသောရောဂါများ၊ ကျန်းမာရေးပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုသွားရေး၊ ရေတိုရေရှည် ဆောင်ရွက်ရမည့်လုပ်ငန်းများ ခွဲခြားသတ်မှတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်စသည့် ပြည်သူများဖြစ်ပွားတတ်သည့် အဓိကရောဂါ ခြောက်မျိုးအတွက် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးနည်းများ သုတေသနပြု စမ်းသပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းအင်အားအခြေအနေ၊ အဆောက်အအုံဆောက်လုပ်မှုလုပ်ငန်းများ၊ သုတေသနလုပ်ငန်းသုံးပစ္စည်းများဝယ်ယူဖြည့်တင်းမှု၊ ဝန်ထမ်းများအရည်အချင်း ပြည့်မီရေးအတွက် ပြည်တွင်းပြည်ပသို့ သင်တန်းများစေလွှတ်မှု၊ ပြည်တွင်းပြည်ပ မှ ပညာရှင်များ ခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲများကျင်းပမှု၊ ပရဆေးဥယျာဉ်၌ မြန်မာပြည်အရပ်ရပ်ရှိ ပရဆေးပင်များ စုဆောင်းစိုက်ပျိုးထားမှု၊ ဈေးကွက်အတွင်းရှိ ဆေးဝါးများ၏အာနိသင်ကိုစမ်းသပ်စစ်ဆေးမှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**ထုတ်လုပ်ဖြန့်ဖြူး**

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရေး၊ ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်စသော အဓိကရောဂါခြောက်မျိုးအတွက် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးနည်းများ သုတေသနပြု စမ်းသပ်မှု အဆင့်ပြီးမြောက်ပါက မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးဝါးလုပ်ငန်းရှင်များပေါင်းစပ်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ထုတ်လုပ်ဖြန့်ဖြူးသွားရေး၊ ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၏ အကျိုးအာနိသင်နှင့် ဘေးထွက်ဆိုးကျိုးများကို စဉ်ဆက်မပြတ်စစ်ဆေးပြီး ပြည်သူများအား အချိန်မီ အသိပေးကာကွယ်သွားရေး၊ တိုင်းရင်းဆေး ဝါးများထုတ်လုပ်ရေး လုပ်ငန်းများတွင် ခေတ်မီစမ်းသပ်သုတေသန လုပ်ငန်းများဖြင့် ပံ့ပိုးဦးဆောင်နိုင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)သို့ ရောက်ရှိကြရာ စက်ရုံခန်းမ၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးသန်းရွှေက ဆေးဝါးလုပ်ငန်းစက်ရုံ တည်ဆောက်ပြီးစီးမှု၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မှု အခြေအနေများ၊ ပထမအဆင့်အဖြစ် ဆေးပြားနှင့်ဆေးတောင့်ထုတ်လုပ်မှုလုပ်ငန်း၊ ဒုတိယအဆင့်အဖြစ် ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်ထုတ်လုပ်ရန် ဆောင်ရွက်နေမှုများ၊ ဆေးဝါးကုန်ကြမ်းပစ္စည်းစုဆောင်းရရှိမှုနှင့် စီမံရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခရီးစဉ်အသစ်အဖြစ် စတင်ပြေးဆွဲမည့် မန္တလေး-ရန်ကုန် အထူးအမြန် လူစီးရထား တွဲဆိုင်းအသစ်များကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**ရှင်းလင်းပြသ**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားက စက်တင်ဘာ ၄ ရက်တွင် ခရီးစဉ် အသစ်အဖြစ် စတင်ပြေးဆွဲမည့် မန္တလေး-ရန်ကုန်အထူးအမြန် လူစီးရထားတွဲဆိုင်းအသစ်များပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ)တည်ဆောက်ရေး စီမံကိန်း၏ မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားစီမံကိန်းတည်ဆောက်ပြီးစီးမှု၊ လက်ရှိပင်မတံတား သံပေါင်ခုံး ကြမ်းခင်း၊ ရက်မများ တပ်ဆင်မှုလုပ်ငန်းနှင့် ချဉ်းကပ်တံတားပေါ်တွင် နိုင်လွန်ကတ္တရာ အခြေခံအလွှာ ခင်းကျင်းနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**စံချိန်စံညွှန်းမီ**

ယင်းနောက် အတွင်းရေးမှူး(၁)က ဧရာဝတီတံတား(ရတနာပုံ)တွင် မိမိတို့ မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကားကို အမြဲတမ်းဖော်ညွှန်းပြသနေမည့် တံတားကြီးတစ်စင်းဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်သွားကြရေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

**ဧရာဝတီတံတား(ရတနာပုံ)**

ဧရာဝတီတံတား(ရတနာပုံ)သည် ပင်မတံတားအရှည် ၃၆၇၅ပေ၊ မန္တလေးဘက်ကမ်းချဉ်းကပ်တံတားအရှည်သည် ပေ ၁၁၄၀၊ စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားအရှည်သည် ပေ၇၈၀၊ ယာဉ်သွားလမ်းအကျယ်သည် ၄၉ပေ(လေးလမ်းသွား ကားလမ်း)ဖြစ်ပြီး လူသွားလမ်းအကျယ်သည်တစ်ဖက်လျှင် ခြောက်ပေစီ၊ တံတားအောက်ရေလမ်း ကင်းလွတ်နယ်သည် အကျယ်ပေ၇၀၀၊ အမြင့်ပေ၄၀၊ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၆၀ ဖြစ်ကာ ယခုအခါ တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်း တစ်ခုလုံးသည် ၇၅ ဒသမ ၉၄ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရေး၊ ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်စသော အဓိကရောဂါ ခြောက်မျိုးအတွက် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးနည်းများ သုတေသနပြု စမ်းသပ်မှု အဆင့်ပြီးမြောက်ပါက မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးဝါးလုပ်ငန်းရှင်များ ပေါင်းစပ်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ထုတ်လုပ်ဖြန့်ဖြူး။**

## ရန်ကုန်-မန္တလေး အထူးအမြန် လူစီးရထား စတင်ပြေးဆွဲလျက်ရှိ

**ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူးအမြန် လူစီးရထားကို စက်တင်ဘာ ၄ ရက်မှ စတင်ပြေးဆွဲလျက်ရှိရာ ရန်ကုန်-မန္တလေးအထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေး-ရန်ကုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။**

မြန်မာ့မီးရထား။

## မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကို အောက်တိုဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသော ဖူဆယ်ဘောလုံးအသင်းများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အသင်းဝင်ကြေးငွေကျပ် ၁၀၀၀၀ ပေးသွင်းပြီး လျှောက်လွှာပုံစံ၊ စည်းမျဉ်းစည်းကမ်းနှင့် အားကစားသမား မှတ်ပုံတင်ပုံစံများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ထုတ်ယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အပြုအလှ ဂရုဓမ္မ

(က)

ပထမ မြန်မာနိုင်ငံတော်ကြီးခေတ်မှစ၍ ပြည့်ရှင်မင်း အနော်ရထာနှင့် ဗုဒ္ဓသာသနာပြု အရှင်အရဟံတို့၏ ကျေးဇူးကြောင့် ဤမြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာ အထွန်းကားဆုံးနိုင်ငံဖြစ်ခဲ့ပြီ။ ဗုဒ္ဓသာသနာ အဆုံးအမအောက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အေးချမ်း သာယာစွာ ထွန်းလင်းတောက်ပခဲ့ပြီ။

မြတ်ဗုဒ္ဓ၏ ဗြဟ္မစိုရ်တရား၊ မင်္ဂလာတရား၊ ဝါရိတ္တ (ရှောင်ကြဉ်ရေး) တရား၊ စာရိတ္တ (ဆောင်ယှဉ်ရေး)တရားစသည့် အဆုံးအမတို့ကြောင့် မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ ရဟန်းနှင့် ဒကာ၊ မင်းနှင့်ပြည်သူ ကြည်ဖြူစွာ၊ ညီတူစွာ အမျိုးဘာသာ သာသနာအကျိုး တိုး၍ တိုး၍ ဆောင်ကြဉ်းနိုင်ခဲ့ကြပြီ။ ဗောဓိပက္ခိယတရားများဖြစ်သော သတိတရား၊ လုံ့လဝီရိယတရား၊ ဣဒ္ဓိပါဒ်တရား စသည့်တို့ဖြင့် အမျိုးဘာသာ သာသနာနှင့်တကွ နိုင်ငံတော်ကိုပါ ကာကွယ်စောင့်ရှောက်ရင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကိုပါ မြှင့်တင်နိုင်ခဲ့ကြပြီ။

ထူးခြားသော ဝိသေသတစ်ရပ်မှာ ရှေးမင်းကောင်း မင်းမြတ်တို့၏ အမြော်အမြင်ကြောင့် ပြည်သူများအားလုံးအတွက် စိတ်ဓာတ်ပိုင်းရော၊ ရုပ်ဓာတ်ကာယပိုင်းပါ ကျန်းမာပျော်ရွှင်စေရန် ၁၂ လတာကာလပတ်လုံး ၁၂ ရာသီပွဲတော်များ လစဉ်မပြတ် ကျင်းပနိုင်ခဲ့ကြခြင်းဖြစ်၏။

ယခု တော်သလင်းလ၏ ရာသီပွဲတော်သည် လှေပြိုင်ပွဲဖြစ်၏။ ရေပြင်ကို အုပ်စိုးနိုင်ရေး ရည်ရွယ်၏။ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ကို မြှင့်တင်ပေး၏။ နိုင်လျှင်ပြုံးသလို ရှုံးလျှင်လည်း မမဲ့တတ်ဘဲ ခံနိုင်ရည် ရှိစေရန်နှင့် နောက်တစ်ကြိမ်ဝယ်မရှုံးဘဲ နိုင်စေရန် အားပေးသော ပွဲသဘင်ဖြစ်လေ၏။

ကောင်းမြတ်သော လောကရေးရည်ရွယ်ချက်တို့ဖြင့် လှေပြိုင်ပွဲ ကျင်းပသကဲ့သို့ မွန်မြတ်သော ဓမ္မရေးရည်ရွယ်ချက်တို့ဖြင့် ဂရုဓမ္မအခါ တော်ကိုလည်း ဤတော်သလင်းလ၌ ကျင်းပကြ၏။ ဂရုဓမ္မတရားကို မြတ်ဗုဒ္ဓက ဤတော်သလင်းလမှာ ဟောကြားသည်ဟူသော ဇာတက အဋ္ဌကထာလာ အထောက်အထားများအရ လပြည့်နေ့ကို ဗဟိုပြုကာ ဂရုဓမ္မအခါတော်နေ့အဖြစ် အစဉ်အဆက် ကျင်းပလာခဲ့ခြင်းဖြစ်၏။

**"ဂရု=အလေးအမြတ်ပြုအပ်သော+ဓမ္မ=တရား"** ဟူသည် လူသားတိုင်း ခါးဝတ်ပုဆိုးသဖွယ် တည်မြဲနေရမည့် ငါးပါးသီလ ပင်ဖြစ်၏။ ဇာတကပါဠိတော်၌ ရှေးပဝေသဏီကာလ တစ်ခုတုန်းက ဘုရင်မင်းမြတ်ရော တိုင်းသူပြည်သားများပါ ငါးပါးသီလ တည်မြဲကြ သည့်အတွက် တိုင်းပြည်မှာ ရာသီဥတု မှန်ကန်ကောင်းမွန်ခြင်း၊ အစာရေစာ ပေါများ ကြွယ်ဝခြင်း၊ သယံဇာတများ ပို၍ပို၍ ပေါကြွယ် လာခြင်း၊ အေးချမ်း သာယာခြင်းများ ဖြစ်ထွန်းလျက်ရှိသောကြောင့် ယင်းအနေအထားကို အိမ်နီးချင်းနိုင်ငံမှ လာရောက်လေ့လာကာ ယင်းဂရုဓမ္မ၊ သို့မဟုတ် ငါးပါးသီလကို ၎င်းတို့နိုင်ငံသို့ သယ်ဆောင် သွားပြီး တစ်နိုင်ငံလုံး သီလလုံခြုံအောင် စောင့်ထိန်းကြရာ ၎င်းနိုင်ငံမှာပါ ရာသီဥတု ဆိုးရွားမှုများမှ လွတ်မြောက်လာခြင်း၊ ရာသီဥတု မှန်ကန် ကောင်းမွန်လာခြင်း စသည့် ကောင်းကျိုးသုခများ တည်ပွားဖြစ်ထွန်း လာခဲ့ဖူးသည်ကို သာဓကေ ပြုကာ မြတ်ဗုဒ္ဓက ဂရုဓမ္မဇာတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။

(ခ)

ဂရုဓမ္မ၏ ပထမသိက္ခာပုဒ်မှာ အသက်သတ်ခြင်းမှ ရှောင်ကြဉ် ခြင်းဖြစ်၏။ အသက်ဟူသည် ဘဝပင်ဖြစ်ပေရာ အသက်သတ်ခြင်းဖြင့် ခံရသူဘက်မှ ဘဝတစ်ခုလုံး ဆုံးရှုံးပျက်စီးရသလို ပြုလုပ်သူဘက်မှာ လည်း သူ့အသက်သတ်သောကြောင့် ကိုယ့်အသက်သက်တမ်း တိုးမသွား သည့်အပြင် ကိုယ့်အသက်ပါ တုံ့ပြန်အသတ်ခံရမည့်ဘေးမှ ထာဝရ စိုးရိမ်ကြောက်ရွံ့နေရရုံသာမက သံသရာတစ်ကွေ့မှာ တကယ်ပင် အသတ်ခံရမည်သာဖြစ်သောကြောင့် တကယ်တမ်းစဉ်းစားလျှင် နှစ်ဦး နှစ်ဖက်လုံး ဆုံးရှုံးသွားခြင်းသာဟု မြင်ရနိုင်ပါသည်။ "ပြုသူအသစ် ဖြစ်သူအဟောင်း"ဟု ဆိုရိုးရှိပြီး ဖြစ်လေ၏။

## ရတနာစည်ဆရာတော် (လှိုင်လင်)

ပကတိအားဖြင့် တန်ဖိုးရှိပြီးဖြစ်သော လူ့ဘဝ၊ လူ့အသက်၊ ကုသိုလ်တရားတို့ဖြင့် ထပ်ဆင့်တန်ဖိုးတက်လျက်ရှိသော သူတော်ကောင်း သူမြတ်လောင်းတို့၏ ဘဝအသက်၊ သားသမီးများအပေါ် နှိုင်းတုမမီ ကျေးဇူးရှင်များဖြစ်ကြသည့် မိခင် ဖခင်တို့၏ ဘဝအသက်၊ ဘဝတကာ တို့တွင် အမြင့်ဆုံးဘဝ ရောက်ရှိပြီးဖြစ်သော ရဟန္တာအရှင်မြတ်တို့၏ ဘဝ အသက် စသည်ဖြင့် ဆင်ခြင်သုံးသပ်၍ မည်သည့်အသက်ကို သတ်မိလျှင် အပြစ်မည်သို့ရှိမည်ကို ဆုံးဖြတ်နိုင်ကြပါမည်။ မိခင်နှင့် ဖခင်အသက်၊ ရဟန္တာသူတော်စင် အသက်ဟူသော အသက်သုံးခုကို သတ်မိလျှင်**"အနန္တရိယကံ"**ဟု မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဆုံးဖြတ်တော် မူ၏။ (အနန္တရိယ= အန+အန္တရိယ= ကြားကာလမရှိ=သတ်ပြီးပြီးချင်း ကြားကာလမရှိ ချက်ချင်း တုံ့ပြန် ခံစားရမည်)

အသက်သတ်မှုနှင့် ပတ်သက်၍ ယနေ့ကမ္ဘာကို ကြည့်လျှင်များစွာ တုန်လှုပ်ချောက်ချားဖွယ် တွေ့မြင်နေရ၏။ အင်အားကြီးနိုင်ငံတစ်ခု၏ သွေးဆာမှုမြင်ကွင်း ထင်းထင်းထင် တွေ့မြင်နေကြရကုန်၏။ ဒီမို ကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြုကာ ဩဇာခံအစိုးရများ ကမ္ဘာအနှံ့ အလျှိုအလျှို ပေါ်လာဖို့အတွက် လက်နက်တွေ၊ ဒေါ်လာတွေ ကုဋေချီ အကုန်ခံရင်း မိုးမမြင် လေမမြင် ဘဝင်ကိုင်လျက်ရှိနေပုံ တွေ့မြင်နေကြရ ကုန်၏။ ယင်းကိုအကြောင်းပြုကာ လူသားတို့ အစုလိုက် အပြုံလိုက် အသတ်ခံရမှုများမှာ ကြောက်ခမန်းလိလိရှိဘိ၏။ သည်ကြားထဲ သဘာဝ ဘေးရန်ကြီးကလည်း လူသားတို့၏အသက်ကို ခြွေလျက်ရှိဘိ၏။ ထို့ကြောင့် ယနေ့ကမ္ဘာသည် လူ့သွေးတို့ဖြင့် ချင်းချင်းနီလျက်ရှိသည် ဟု ဆိုလျှင် မလွန်။

ယင်းအနေအထားမျိုးဝယ် ယနေ့မြန်မာသော်မူကား လွတ်လပ်ရေး ရကတည်းက အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့် လက်နက်ကိုင် ဆန့်ကျင်သတ်ဖြတ်ကြခြင်းဟူသည့် စီးကြောင်းကြီးကို ယနေ့ တပ်မတော်အစိုးရက ပိတ်ဆီးထားနိုင်ခြင်း၊ ကျည်ပွင့်ကို ပန်းပွင့် ဖြစ်စေလျက်ရှိခြင်းတို့ဖြင့် ကျည်သံတိတ်မြန်မာ ဖြစ်လာလျက် ရှိကြောင်း ဝမ်းမြောက်ဖွယ် မြင်တွေ့နေရလေ၏။

သည်သို့ဖြစ်လာအောင် ယနေ့ တပ်မတော်အစိုးရသည် အမြော်အမြင် ရှိရှိ ကြိုးပမ်းခဲ့ရ၏။ ငြိမ်းချမ်းရေးတံခါး ဖွင့်ပေးခဲ့ခြင်းနှင့်အတူ လက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးတံခါးမှ လှမ်းဝင်လာခဲ့ကြပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်၊ ကိုယ့်နိုင်ငံ အကျိုးကိုဆောင်ရွက်လာနိုင်ကြ သကဲ့သို့ ဒေသခံတိုင်းရင်းသား ပြည်သူများ အနေဖြင့်လည်း ကျီးလန့် စာစား၊ ကြောက်လန့်တကြား၊ အသက်ကို ဖက်နဲ့ထုပ်ထားရသည့်ဘဝမှ အသက်တမ်းရှည် တည်နေနိုင်သောဘဝသို့ ပြောင်းလဲရောက်ရှိလာကြ လေပြီ။

ယင်းသည် ယနေ့တပ်မတော်အစိုးရက ဖော်ဆောင်ပေးသည့် အပြု အလှ ဂရုဓမ္မတစ်ပါး ဖြစ်လေ၏။

အခြားဂရုဓမ္မတစ်ပါးမှာ **'ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း'**ဖြစ်၍ နောက်ထပ် တစ်ပါးမှာ 'လိမ်လည်ခြင်းမှရှောင်ကြဉ်ခြင်း'ဖြစ်၏။

ယနေ့ကာလဝယ် တပ်မတော်အစိုးရက စီးပွားရေးလုပ်ငန်းများ၌ နိုင်ငံအကျိုး၊ လုပ်ငန်းရှင်အကျိုး၊ စားသုံးသူအကျိုးဟူသော သုံးဖက်မြင် ဝါဒ ထွန်းကားအောင် ကြိုးပမ်းလျက်ရှိနေပေရာ စီးပွားရေးလုပ်ငန်းများ နှင့် ပတ်သက်ဆက်စပ်သူအားလုံးတို့ကလည်း ယင်းသုံးဖက်မြင်ဝါဒဖြင့် သာ ကြိုးပမ်းသင့်ကြ၏။ တစ်ဖက်မြင်ဝါဒဖြင့် ကိုယ့်အကျိုး သက်သက်သာ တွက်ချက်မျှော်ခေါ်နေရမည့်အချိန်အခါ မဟုတ်တော့ပြီ။

စနစ်တကျမဟုတ်ဘဲ ငါးပွက်ရာငါးစာချလျက် ကိုယ်ကျိုးအတွက် သာ ကြည့်သော စီးပွားရေးမျိုးထက် သုံးဖက်မြင် သုံးဖက်အကျိုးထင်၍ အရှည်တည်မြဲမည့် စီးပွားရေးမျိုးကိုသာ ကြိုးပမ်းသင့်ကြပါသည်။

ထိုမှတစ်ပါး အခြားဂရုဓမ္မတစ်ပါးမှာ **"ကာမမှု၌ လော်မာခြင်းမှ ရှောင်ကြဉ်ခြင်း"**ဖြစ်၏။ ဓမ္မအမြင်အားဖြင့်ရော ရိုးရာထုံးတမ်းအမြင်အား ဖြင့်ပါ တစ်လင်တစ်မယားစနစ်သည် အသန့်စင်ဆုံးဖြစ်၏။ ရှုပ်ထွေးမှု မရော။ ရောဂါဘယမနှော။ နှစ်ဦးနှစ်ဖက်လုံး မလော်မာမဖောက်ပြားဘဲ သစ္စာရှိသည့် အိမ်ထောင်ရေးဖြင့် အပြုအလှ ဂရုဓမ္မကို ယုယထားရာ ရောက်၏။ တရားစောင့်သည် မည်၏။ ထို့ကြောင့် တရားစောင့်သူကို တရားက တုံ့ပြန်စောင့်ရှောက်သဖြင့် ယင်းမိသားစုသည် ရိုးမြေကျ တစ်သက်တာ ရာသက်ပန်စိတ်ချခြင်းဖြင့် ချမ်းသာခြင်းရရှိ၏။ သားသမီး များအတွက် စံမြောက်၏။

ယေဘုယျအားဖြင့် ယင်းသိက္ခာပုဒ်သည် အိမ်ထောင်ရှင်များနှင့်သာ သက်ဆိုင်သည်ဟု ထင်ကြသော်လည်း အမှန်သော်မူ အရွယ်ရောက်သူ တိုင်းနှင့် သက်ဆိုင်၏။ ငယ်စဉ်တောင်ကျေးကတည်းက စောင့်စည်း ထိန်းသိမ်းမှုလိုအပ်၏။

အခြား ဂရုဓမ္မတစ်ပါးမှာ **'မဇ္ဇ=မူးခြင်း'**နှင့် **'ပမာဒ=မေ့ခြင်း'**တို့၏ **'ဌာန=အကြောင်းရင်း'**ဖြစ်သော သေရည်သေရက်အပါအဝင် မူးယစ်ဆေးဝါး အမျိုးမျိုးမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။ မူးယစ်ထုံထိုင်းကာ စိတ်ကို ပြောင်းလဲစေတတ်သော မည်သည့် အရည်၊ အခဲ၊ အမှုန့်မဆို မသောက်။ မရှူ၊ မသွင်း၊ မသုံးခြင်းဖြစ်၏။

(ဂ)

တော်သလင်းလအတွင်း ငါးပါးသီလ (ခေါ် )ဂရုဓမ္မကို မြတ်ဗုဒ္ဓဟော ညွှန်ခဲ့ပုံ အာရုံယူအားသွင်း ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ဂရုဓမ္မအခါတော် အဖြစ် နိုင်ငံတစ်ဝန်းကျင်းပလျက်ရှိရာ နိုင်ငံတော်အစိုးရ၏ ဂရုဓမ္မ အကျိုးပြု အမွန်အမြတ်ဆောင်ရွက်ချက်များအား ရှုမြင်ရင်း တစ်ချိန်က အမျိုး ဘာသာ သာသနာအကျိုးပြု စာရေးဆရာ ကဗျာဆရာကြီး ဒဂုန်ဦးထွန်းမြင့် ရေးသားသီဖွဲ့နှီးဆော်ခဲ့သည့် ဂရုဓမ္မကဗျာဖြင့် ဤဆောင်းပါးကို တန်ဆာဆင်အပ်ပါသတည်း။ ။

*** ပဉ္စသီငါးဖြာကိုယ်ကျင့်တရားတို့ ပျက်ပြားနေကြကမ္ဘာမြေ**
**ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့ လူနှင့်လူချင်း သတ်ကာနေ**
**ငြိမ်းချမ်းပါစေအာသီသနဲ့ စွမ်းနိုင်ရာက ကူညီသလေ**
**ပဉ္စငါးပါး ကိုယ်ကျင့်တရား ရေးသားဖြန့်ကာဝေ**
**အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ ကမ္ဘာက သိပါစေ။ ။**

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

**၆-၉-၂၀၀၆**
**(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဆက်ကပ်လှူဒါန်းဝါဆို မြတ်သင်္ကန်း |
| ၇း၃၅ | တေးဂီတအစီအစဉ် |
| ၇း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၀ | Midweek Sports News |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | အဘိဓမ္မာပြန့်ပွားရေးအသင်း ကြီး၏ (၃၉)ကြိမ်မြောက် အဘိဓမ္မာ (၇)ကျမ်း အာဂမ+သဘာဝ စာပြန်ပွဲအခမ်းအနား |
| ၈း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၈း၂၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈း၅၀ | သဒ္ဒါပြည့်တင်း ဆန်အလှူအသင်း |
| ၉း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | သစ်သီးပန်းပု လက်မှုအနုပညာ |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | ပဲခူးသက်သတ်လွတ်သနပ်စုံ |
| ၉း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၅၅ | ထူးမြတ်တင့်ဆန်း ကြာသင်္ကန်း |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ငန်း |
| ၁၀း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | Myanmar Video Rhythm |
| ၁၁း၃၅ | စစ်ကိုင်းတောင်ရိုး မည်သို့သည့် သာသနာ (အပိုင်း-၂) |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**




**ပေးအပ်ချီးမြှင့်**

**ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင် မာဆွေက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်တာရာထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (၃၅၂)

## မြို့တွင်းရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၅**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ခုံးပေါက်အသစ် တစ်ခု ဆောက်လုပ်ခြင်း၊ ခုံးပေါက်တစ်ခု ပြုပြင်ခြင်းနှင့် ခုံးပေါက် ၁၀ခု ရေလမ်းကြောင်းရှင်းလင်းပြီး ရေမြောင်းပေအရှည်၂၄၀၀အား နုန်းဆယ်ယူ သန့်ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ်/စည်ပင်)**



# ရောဝတီတိုင်း အရုဏ်ဆွမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ ဆက်ကပ်လှူဒါန်း



ရန်ကုန် စက်တင်ဘာ ၅

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အရုဏ်ဆွမ်းလောင်းလှူပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက်က ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီ အရှေ့ဘက်မုခ်ရှိ ပုသိမ်မြို့လုံးဆိုင်ရာ သာသနာ့အကျိုးဆောင်အဖွဲ့၏ မြို့မဆွမ်းလောင်းအသင်းဓမ္မာရုံ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝန်ထမ်းများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်၍ တက်ရောက်လာကြသူများက ပုသိမ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဝါဆိုဝါကပ်တော်မူသော သံဃာတော်အပါး ၂၄၀၀ ကျော်အား အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူပြီး **(ယာပုံ)** လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဇနီး အမှူးပြုသော အလှူရှင်များက တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ)ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာဆရာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာကြားကြသည်။

**ဆက်ကပ်လှူဒါန်း**

၎င်းနောက် တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်၍ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကုန်းသာကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူပွဲတွင် လှူဒါန်းမှု စုစုပေါင်း ကျပ်ခုနစ်သိန်းကျော်ရှိပြီး ဝါတွင်းကာလတွင် တနင်္လာနေ့မှအပ နေ့စဉ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အရုဏ်ဆွမ်းများ လောင်းလှူကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# စစ်ကိုင်း နုံးတွင်း(၃)တမံနှင့် ဆားတောင်စံပြကျေးရွာဖွင့်ပွဲ ကျင်းပ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ မိသားစုစကားဝိုင်းအသွင် ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ပညာပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၅

**စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်ရှိ နုံးတွင်း (၃) ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက် ၈နာရီခွဲ က အဆိုပါရေလှောင်တမံ၌ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက နုံးတွင်း (၃) ရေလှောင်တမံ တည်ဆောက်ရခြင်းကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က နုံးတွင်း(၃) ရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရေပေးသွင်းစိုက်ပျိုးနိုင်မည်**

စက်တင်ဘာ ၃ရက်က ဖွင့်လှစ်သော နုံးတွင်း(၃) ရေလှောင်တမံမှာ ပန်ဒူချောင်းကိုဖြတ်၍ ဆောက်လုပ်ထားကာ တမံအလျား ပေ ၈၀၀၊ အမြင့် ပေ ၅၀ရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး ပတ်ဝန်းကျင်ရှိ လယ်ယာမြေဧက ၁၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။

**ဆားတောင်စံပြကျေးရွာ**

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် ဆားတောင်စံပြ ကျေးရွာဖွင့်ပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ တိုင်းအသင်း အတွင်းရေးမှူး ဦးစိုးစိုး၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်နှင့် ဆားတောင်စံပြကျေးရွာဥက္ကဋ္ဌ ဦးမှုတို့က ဆားတောင်စံပြကျေးရွာ ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**ကာကွယ်ဆေးတိုက်ကျွေး**

ဆက်လက်၍ တိုင်းမှူး ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည်ဆားတောင်စံပြကျေးရွာရှိကျေးလက်တယ်လီဖုန်း အိတ်ချိန်းနှင့် အများပြည်သူသုံး အော်တိုတယ်လီဖုန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက် ကျန်းမာရေးဌာန၌ စတုတ္ထနှစ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ အထိမ်းအမှတ်အဖြစ် ကလေးငယ်များကို ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးကြပြီး ဦးထုပ်များနှင့် ကစားစရာ အရုပ်များကို ဝေငှပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဆားတောင်စံပြ ကျေးရွာ ဂန္ဓာမြိုင်စံပြ ပရဟိတကျောင်းသို့ သွားရောက်၍ ကလေးငယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပရဟိတကျောင်း ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရဘဒ္ဒန္တနန္ဒောဘာသအား လှူဖွယ်ပစ္စည်းများဖြင့် ကပ်လှူသည်။ ဆက်လက်၍ ဆားတောင်စံပြကျေးရွာရှိ ဆောက်လုပ်ဆဲ ခုတင် ၄၀ ဆံ့ တိုက်နယ်ဆေးရုံအတွက် ဗဟိုအလုပ်အမှုဆောင်က ဘိလပ်မြေအိတ် ၁၀၀လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။ ဆက်လက်၍ တိုင်းမှူးက ဘိလပ်မြေအိတ် ၁၀၀ လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌက လက်ခံသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဆားတောင်စံပြကျေးရွာကို လှည့်လည်ကြည့်ရှုကြပြီး ဈေးရောင်း ဈေးဝယ်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှု ဆောင်နှင့်အဖွဲ့သည် ဆားတောင်စံပြကျေးရွာ ထွန်းဆန်းစက်မှုလက်မှုစပါး၊ ဂျုံနှင့်ပဲ မျိုးစုံ ခြွေလှေ့စက် ထုတ်လုပ်သည့် လုပ်ငန်းနှင့် ဘောဂမဏ္ဍိုင်ဂျုံလှေ့စက်နှင့် စပါးခြွေလှေ့စက် ထုတ်လုပ်သည့် လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဆားတောင်စံပြကျေးရွာ အထက်တန်းကျောင်းခွဲရှိ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ကျောင်းဝင်းအတွင်း စစ်ကိုင်းခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၏ ကျန်းမာရေး စောင့်ရှောက်ကုသနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ယင်းနောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ကျောင်းခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ဒေသခံပြည်သူနှစ်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်း တင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူးက ကျေးရွာအတွက် ၂၁လက်မရောင်စုံ ရုပ်မြင်သံကြား ပြစက်တစ်လုံးနှင့် ဒီဗွီဒီပြစက်တစ်လုံး၊ ကျောင်းသုံးစာအုပ်များ၊ အားကစား ပစ္စည်းများ၊ ဂျာနယ်မျိုးစုံနှင့် စစ်မှုထမ်းဟောင်း လုံချည်များကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ၂၁လက်မရောင်စုံရုပ်မြင်သံကြား ပြစက်တစ်လုံး၊ အားကစား ပစ္စည်းများနှင့် ဗလာစာအုပ်များကို လည်းကောင်း၊ တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြပြီး အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**အသိပညာပေးဆွေးနွေး**

အလားတူ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များ၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ဆားတောင်စံပြကျေးရွာရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား မိသားစု စကားဝိုင်းအသွင်ဖြင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အသိပညာပေး ဆွေးနွေးခဲ့ကြပြီး မိသားစု ဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ် ဟိုးလမ်း အမှတ် ၁၄နေ ဦးအေးသောင်း – ဒေါ်အုန်းမြင့်၊ သားမောင်ထူးအောင်ကျော် မိသားစုတို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# မော်လမြိုင်မြို့နယ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

မော်လမြိုင်မြို့နယ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး မောင်မောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး မောင်မောင်မြင့်က မော်လမြိုင်မြို့နယ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

**ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုပေးပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ပြိုင်ပွဲအသီးသီးတို့၌ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပေးသည်။

**(သတင်းစဉ်)**



● ကျောဖုံးမှ

(အား/ကာ) က လည်းကောင်း၊ လက်ထောက်နည်းပြအဖြစ် ဦးညီညီလွင်(လဝက)၊ လေ့ကျင့်ရေးမှူးအဖြစ် အရာခံဗိုလ်ရဲမြင့်(ကာကွယ်ရေး)နှင့် ဒိုင်လူကြီးအဖြစ် တပ်ကြပ်ဖော်မင်း(ကာကွယ်ရေး) တို့က ဆောင်ရွက်မည်ဖြစ်သည်။



**ထိုင်းနိုင်ငံတွင်ကျင်းပမည့် (၁၄) ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲမည့် မြန်မာလူငယ်ဘော်လီဘော အသင်းခေါင်းဆောင် ဦးသိန်းဝင်းက ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသို့ ရှင်းပြစဉ်။**

(မြန်မာ့အလင်း)

### ပါဝင်ကြ

ပါဝင်ယှဉ်ပြိုင်မည့်လူငယ်လက်ရွေးစင် ဘော်လီဘော အားကစားသမားများမှာ အမြင့်ဘော ရိုက်ခုတ်သူများအဖြစ် အား/ကာသိပ္ပံ မန္တလေးမှ ဖြိုးဝေလှိုင်၊ ရဲလင်းမော်နှင့် အောင်ကိုလတ် အားကာ/သိပ္ပံရန်ကုန်မှ ပိုင်သနှင့် ဝင်းဖေသန်း၊ အနိမ့် အမြန်ဘော ရိုက်ခုတ်သူများအဖြစ် အား/ကာ သိပ္ပံ၊ မန္တလေးမှ ရဲရင့်ထွန်းနှင့်ဝင်းထွန်းဦး၊ ပို့ဆောင်ရေးမှ ဘိုဘိုထွန်း၊ ပင့်ထောင်သူများအဖြစ် အား/ကာသိပ္ပံ ရန်ကုန်မှ ကျော်ကျော်ထွေး အား/ကာသိပ္ပံ မန္တလေးမှ နေလင်းအောင်နှင့် သူရအောင်၊ နောက်ချန် ကစားသမားများအဖြစ် အား/ကာ သိပ္ပံ ရန်ကုန်မှ အောင်မြတ်ထွန်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါဆောင်ရွက်မည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံ၍ လူရွေးချယ်မှု၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များကို မေးမြန်းရေးသားဖော်ပြလိုက်ပါသည်။

### စခန်းသွင်း

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက မိမိတို့ ကျဆင်းနေသည့် ဘော်လီဘောအားကစားနည်းကိုမြှင့်တင်ရန်အတွက် လူငယ်မျိုးဆက်သစ်များကို ရှာဖွေခဲ့ရာ ပြည်နယ်နှင့်တိုင်းများမှ အလားအလာရှိပြီး အသက်မှန်၍ အရပ်ခြောက်ပေနှစ်လက်မကျော် လူငယ်များကိုရွေးချယ်၍ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး စခန်းသွင်း လေ့ကျင့်ပေးခဲ့ကြောင်း၊ ယင်းသို့ ရွေးချယ်ရာတွင် မန္တလေး အား/ကာသပ္ပံမှ လူငယ်ခုနစ်ဦး၊ ရန်ကုန် အား/ကာသိပ္ပံမှ လူငယ် လေးဦး၊ ပို့ဆောင်ရေးအသင်းမှ လူငယ်တစ်ဦး စုစုပေါင်း လူငယ် ၁၂ဦးပါဝင်ကြောင်း၊ မိမိတို့ အဓိကရည်မှန်းချက်မှာ မြန်မာလက်ရွေးစင် ဘော်လီဘောအသင်းအတွက် အထောက်အကူပြုရန် စည်းကမ်းကောင်းမွန်ပြီး ကြံ့ခိုင်မှုကောင်းမွန်သူများကို ရွေးချယ် လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ မိမိတို့ လူငယ်များအား နိုင်ငံတကာ ပြိုင်ပွဲများများ စေလွှတ်ယှဉ်ပြိုင်စေခြင်းဖြင့် ပြိုင်ပွဲအတွေ့အကြုံများစွာရရှိပြီး မျိုးဆက်ပြတ်လုနီးပါးရှိသည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ယခု ပါဝင်ယှဉ်ပြိုင်မည့် လူငယ်ဘောလီဘော်သမားများသည် နိုင်ငံတကာ ပြိုင်ပွဲအတွေ့အကြုံမရှိသော်လည်း သက်လုံ၊ ကြံ့ခိုင်မှုနှင့်စည်းကမ်းပိုင်း ကောင်းမွန်သူများဖြစ်ကြောင်း လူငယ်ဘောလီဘောအသင်းကို ပြည်တွင်းပြိုင်ပွဲများအဖြစ် လက်ရွေးစင်အများစု ပါဝင်သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန လူငယ်အသင်းများဖြင့် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်လျက်ရှိကြောင်း”မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

### ၁၄ ကြိမ်မြောက်

အဆိုပါ လူငယ် ဘော်လီဘောပြိုင်ပွဲသည် နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ရာ ယခုအခါတွင် (၁၄)ကြိမ်မြောက်ပြိုင်ပွဲသို့ ချဉ်းနင်း ဝင်ရောက်လာပြီဖြစ်သည်။ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်အနေဖြင့် လူငယ် လက်ရွေးစင် ဘော်လီဘောအသင်းကို ၁၉၉၂ခုနှစ် ခုနစ်ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြိုင်ပွဲမှ စတင် ယှဉ်ပြိုင်ခဲ့ရာ ၂၀၀၀ပြည့်နှစ်(၁၁)ကြိမ်မြောက်ပြိုင်ပွဲနှင့် ၂၀၀၂ခုနှစ် (၁၂)ကြိမ်မြောက်ပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်ခြင်းမရှိဘဲ ကျန်ပြိုင်ပွဲများတွင် ယှဉ်ခဲ့သည်။ မြန်မာလူငယ် ဘော်လီဘောအသင်းသည် ၁၉၉၂ခုနှစ်၊ ၁၉၉၄ခုနှစ်နှင့် ၁၉၉၆ ခုနှစ်တို့တွင် သုံးကြိမ်ဆက်တိုက်ဖိုလ်စွဲနိုင်ပြီး ၁၉၉၈ ခုနှစ်နှင့် ၂၀၀၄ခုနှစ် ပြိုင်ပွဲများတွင် ဒုတိယဆုများ ရရှိခဲ့သည်။ ပြိုင်ပွဲ ငါးကြိမ်အနက် ပထမဆုသုံးကြိမ်နှင့် ဒုတိယဆုနှစ်ကြိမ် ရရှိထားပြီး ယခု ခြောက်ကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။



### ၁၀ နိုင်ငံ

(၁၄)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲအတွက် အရှေ့တောင် အာရှ(၁၀)နိုင်ငံအား ဖိတ်ကြားထားကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

**(၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ် ဘော်လီဘောပြိုင်ပွဲတွင် ပါဝင် ဆင်နွှဲမည့် မြန်မာ့လက်ရွေးစင် လူငယ် ဘော်လီဘောအသင်း အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဘော်လီဘော လေ့ကျင့်လျက်ရှိရာ အမြင့်ဘောရိုက်ခုတ်မှုကို ဤသို့လေ့ကျင့်ကြသည်။** ဓာတ်ပုံ–သိန်းဝင်းလေး

(မြန်မာ့အလင်း)

## စာမျက်နှာ ၈ မှ

သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(F–၁၀)ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင် အခြေခံပညာမူလတန်းလွန်ကျောင်း ၃/၄မှ အလယ်တန်းပြဆရာ ဦးတင်မောင်လင်းအား လည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူအမှတ်(D–၁၆၀) ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တို အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်သဇင်ကြည်အား လည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသား အမှတ်(F–၄၅) ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ရွှေကူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဆရာ ဦးလှအောင်၊ သင်တန်းသူ ဖွဲ့လုံ့လဆုများကို သင်တန်းသူ အမှတ်(D–၁) ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းနှင့် သင်တန်းသူ အမှတ်(C–၃၆၀)၊ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်မြင့်မြင့်ခင်တို့အားလည်းကောင်း ပေးအပ်သည်။

### စံပြအဆောင်ဆု

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စံပြအဆောင်ဆုရရှိကြသော အမျိုးသားတပ်ခွဲ(၅) အဆောင်(၅)နှင့် အမျိုးသမီးတပ်ခွဲ(၂) အဆောင်(၄)တို့ကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသား ခေါင်းဆောင်နှင့် ဒုတိယ သင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအား လည်းကောင်း ပေးအပ်သည်။

ထို့နောက် အခြေခံပညာ ဆရာ ဆရာမများ အထူးသင်တန်း အမှတ်စဉ်(၅၉)မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ပုဂံ ရှေးဟောင်းဘုရား၊ ပုထိုးများ ပြုပြင် မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက်လှူဒါန်းငွေနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေများအပါအဝင် စုစုပေါင်း ငွေကျပ် ၃၇၁၃၅၀ ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ရေကူးအဖွဲ့ချုပ် ရေရှည်အောင်မြင်မှုရရှိရေး ရည်ရွယ် မျိုးဆက်သစ် အားကစားသမားများ ပြုစုပျိုးထောင်ပေးနေ

သတင်းဆောင်းပါး–စိုင်းရဲရင့်၊ ဓာတ်ပုံ–ကိုကိုစိုးညွန့်

ရန်ကုန် စက်တင်ဘာ ၅

**မြန်မာ့ရေကူးအားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာရေး၊ နိုင်ငံတကာရေကူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်မှု ဆုတံဆိပ်များဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် ရေရှည်အောင်မြင်မှုရရှိရန်ရည်ရွယ်၍ လူငယ်မျိုးဆက်သစ် ရေကူးအားကစားသမားများကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။**

### အစားထိုး

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ နှင့် ၃၀ အတွင်း နိုင်ငံတကာရေကူးပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များကို ပြိုင်ပွဲတိုင်းမဟုတ်သော်လည်း အတိုင်းအတာတစ်ခုထိ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ အဆိုပါ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို ပြည်ပနိုင်ငံများတွင် သွားရောက်လေ့ကျင့်ပြီး အဆင့်အတန်းမြင့်မားစွာ ဝင်ရောက်ယှဉ်ပြိုင်ရယူပေးခဲ့သူ မိုးသူအောင်မှာ ဖိလစ်ပိုင်ဆီးဂိမ်းအပြီးတွင် ကစားသမားဘဝမှ အနားယူသွားခဲ့ရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တွင် ၎င်းနေရာ အစားထိုးနိုင်မည့်ကစားသမား ရှားပါးလျက်ရှိသည်။

ထို့ကြောင့် မြန်မာ ရေကူး အားကစား တစ်ခေတ်တစ်ခါကကဲ့သို့ အောင်မြင်မှုများရယူနိုင်ရန် မြန်မာ့လက်ရွေးစင် ရေကူးသမားများစွာ ပေါ်ထွက်လာရေးတို့အတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက စီမံကိန်းများချကာ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

### ရေကူးအားကစားတိုးတက်

မြန်မာရေကူးအားကစားတိုးတက်အောင်မြင်လာရေး ကြိုးစားဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက“မြန်မာ့ရေကူးအားကစား ပြန်လည် ဦးမော့လာရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ရေကူးကစားသမားခါးဆက်ပြတ်နေသည့် အနေအထားဖြစ်၍ မျိုးဆက်သစ် ကစားသမားများကို ပြုစုပျိုးထောင်ပေးနေကြောင်း၊ လက်ရှိအဖွဲ့ချုပ်တွင် ယခင် ဒိုင်ဗင်အားကစားနည်းအတွက် နာဂလှိုဏ်ဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ခေါ်ယူထားသည့်သူများမှ ရေကူးအားကစားနည်းအတွက် အလားအလာရှိသူ ခုနစ်ဦးကို ရွေးချယ်လေ့ကျင့်ပေးနေကြောင်း၊ ထို့ပြင် အဖွဲ့ချုပ် လက်ရွေးစင် လူငယ်ကစားသမားခြောက်ဦးကလည်း လေ့ကျင့်လျက်ရှိကြောင်း၊ ဇူလိုင်လမှခေါ်ယူထားသည့် တရုတ်နည်းပြကလည်း နည်းစနစ်မှန်မှန်ဖြင့် လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် လုပ်နေသည်ကို တွေ့ရကြောင်း၊ ယခုလေ့ကျင့်နေသည့် ရေကူး အားကစားသမားများထဲမှ လေးဦးမှာ နောက်သုံးလေးနှစ်အတွင်းမှာ လက်ရွေးစင်အတွက် အားထားရနိုင်သည်ဟု တရုတ်နည်းပြ၏ သုံးသပ်ချက်အရ သိရကြောင်း”

### မျိုးဆက်သစ်

“အဖွဲ့ချုပ်အနေဖြင့် ရေကူးအားကစားနည်းတိုးတက်လာရေးအတွက် သာမက ဒိုင်ဗင် အားကစားနည်းတိုးတက်ရေးကိုလည်း ပြီးခဲ့သည့် နှစ်နှစ်လောက်ကတည်းက ဆောင်ရွက်နေပါကြောင်း၊ စက်သီးတပ်ပြီး လေထဲမှာ ကျွမ်းထိုးနိုင်ခြင်း ဖြစ်ကြောင်း၊ ကုန်းပေါ်မှာ ကျွမ်းကျင်အောင်ထိုးနိုင်မှ ရေထဲတွင် ထိုးခိုင်းမည်ဟုသိရကြောင်း၊ အမျိုးသား ရေကူးကန်တွင် ရေကန်ပိတ်သည့် သောကြာနေ့မှ လွဲ၍ တစ်ပတ်လျှင် ခြောက်ရက်လေ့ကျင့်ကြောင်း၊ စနေ၊ တနင်္ဂနွေတွင် နံနက်၊ ညနေ လေ့ကျင့်ပြီး ကျန်နေ့များမှာ နံနက်ပိုင်း ကျောင်းတက်ရ၍ ညနေပိုင်းသာ လေ့ကျင့်ကြောင်း၊ တရုတ်နည်းပြနှင့် ပူးတွဲလေ့ကျင့်ပေးနိုင်ရန် မြန်မာနည်းပြ ဦးငွေလှမိုး (ရေကူး)နှင့် ဦးစိုးမိုး(ဒိုင်ဗင်)တို့ကို ခန့်ထားပေးကြောင်း၊ ပြိုင်ပွဲဝင်နိုင်သည့် စံချိန်များ ရရှိလျှင် ပြည်ပပြိုင်ပွဲများကို ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ပေးနေသည့် မျိုးဆက်သစ်များမှာ အသက်အငယ်ဆုံး ၁၁နှစ်မှ အကြီးဆုံး ၁၆ နှစ်သာပါကြောင်း”ဖြင့် ပြောကြားသည်။

ဦးကျော်ဦးက ဆက်လက် ပြောကြားရာတွင် “ယခု အဖွဲ့ချုပ်တွင် ရှိနေသည့် လူငယ်ရေကူးကစားသမားများကို တရုတ်နည်းပြက စနစ်တကျ လေ့ကျင့်ပေးနေသော်လည်း ၎င်းတို့၏ အကောင်းဆုံးအနေအထား၊ နိုင်ငံတကာပြိုင်ပွဲမှာ ဆုတံဆိပ်ရရှိအောင် နောက် သုံး၊ လေး၊ ငါးနှစ်ခန့် လုပ်ဆောင်ရဦးမည်ဖြစ်ပါကြောင်း။

### ပြုစုပျိုးထောင်မည်

“အဖွဲ့ချုပ်အနေဖြင့်နှစ်စဉ်သက်တမ်းအလိုက်၊အဖွဲ့လိုက်၊ အိုလံပစ်နေ့ ပြိုင်ပွဲများ ကျင်းပသော်လည်း ကစားသမားသစ်များ မရရှိပါကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ကြသော်လည်း လက်ရွေးစင်အတွက်၊ မျိုးဆက်သစ်အတွက် ရွေးချယ်ရာတွင် ကျောင်းချိန်များနှင့် တိုက်ဆိုင်နေ၍ စခန်းမဝင်နိုင်၍ မိမိတို့ရေကူးအားကစားလောကအတွက် နစ်နာမှုများ ရှိကြောင်း၊ ထို့ကြောင့် မိမိတို့က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကလေးများ မွေးစားပြီး ပညာလည်းသင်ပေးကာ လေ့ကျင့်မှုကို အဆက်မပြတ် လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ အနည်းဆုံး ရေကူးရော ဒိုင်ဗင်ပါ ကစားသမား ၂၀ စီရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လက်ရှိတွင် အဖွဲ့ချုပ်၌ နိုင်ငံတကာ ပြိုင်ပွဲဝင်နိုင်သည့် ကစားသမားများမရှိသေး၍ လူငယ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပြီး ပြည်တွင်းအဆင့်မှ နိုင်ငံတကာအဆင့်အထိ ထိုးဖောက်ပြီး အောင်မြင်မှုဆုတံဆိပ်များနိုင်ငံအတွက် ရယူပေးနိုင်ရန် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အပါအဝင် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ အားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားနေပါကြောင်း”ဖြင့် မြန်မာ့ အလင်းသို့ ပြောကြားသွားခဲ့သည်။ ။ **(မြန်မာ့အလင်း)**

**တရုတ်နည်းပြဆရာက လူငယ်မျိုးဆက်သစ်အားကစားသမားများအား ဒိုင်ဗင်နည်းစနစ်များ ဤသို့သင်ကြားလျက်ရှိသည်။**

(ဓာတ်ပုံ–ကိုကိုစိုးညွန့်)



# ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

## စပိန်တိုက်စစ်မှူး တောရက်စ် အက်သလက်တီကိုအသင်းနှင့် တစ်နှစ်ထပ်မံ စာချုပ်

**မက်ဒရစ် စက်တင်ဘာ ၅**

စပိန်ဘောလုံးအသင်း တိုက်စစ်မှူးဖာနန်ဒိုတောရက်စ်သည် အက်သလက်တီကိုကလပ်နှင့် တစ်နှစ်စာချုပ်ထပ်မံချုပ်ဆိုလိုက်သည်။

လက်ရှိစာချုပ်မှာ နှစ်နှစ်စာချုပ်ဖြစ်ပြီး ၂၀၀၈ ခုနှစ်အထိဖြစ်သော်လည်း တစ်နှစ်တိုးချဲ့စာချုပ် ချုပ်ဆိုလိုက်သဖြင့် ၂၀၀၉ခုနှစ်အထိ အက်သလက်တီကိုအသင်းတွင် ကစားရမည်ဖြစ်သည်။

**သဘောတူ**

မိမိအနေဖြင့် အက်သလက်တီကိုတွင် ကစားရမည်ကို သဘောကျကြောင်း၊ အက်သလက်တီကိုကလပ်က နောက်ထပ် တစ်နှစ်တိုးချဲ့စာချုပ်လိုသော တောင်းဆိုမှုကို မိမိသဘောတူခဲ့ကြောင်း တောရက်စ်က ပြောကြားသည်။

သို့သော်လည်း စပိန်အသင်းအတွက်မူ မိမိအချိန်မရွေး ကစားပေးရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားသည်။

**ဆုံးဖြတ်**



အက်သလက်တီကိုနှင့် ထပ်မံစာချုပ်လိုက်သည့် တိုက်စစ်မှူး တောရက်စ်။

အသက် ၂၂နှစ်အရွယ်ရှိ စပိန်တိုက်စစ်မှူး တောရက်စ်သည် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး၌ မန်ယူနှင့် အင်တာမီလန်တို့က အပြိုင်ခေါ်ယူခဲ့သော်လည်း တောရက်စ်က ငြင်းပယ်ခဲ့ပြီး အက်သလက်တီကို ကလပ်၌ပင် ဆက်လက် ကစားရန် ဆုံးဖြတ်ခဲ့သည်။

တောရက်စ်သည် အသက်ငယ်သော တိုက်စစ်မှူးတစ်ဦးဖြစ်သော်လည်း အသင်းကို ဦးဆောင်ကစားနိုင်သူဖြစ်သည်။ **(အင်တာနက်)**

## မက်ဆီဒိုးနီးယားနှင့်ပွဲတွင် ဖာဒီနန်ပါဝင်ကစားမည်

လန်ဒန် စက်တင်ဘာ ၅

**အင်္ဂလန်အသင်း နောက်တန်းခံစစ်ကစားသမား ဖာဒီနန်သည် ယူရို ၂၀၀၈ခြေစစ်ပွဲအဖြစ် မက်ဆီဒိုးနီးယားနှင့်ကစားသည့်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။**

အသက် ၂၇နှစ်အရွယ်ရှိ မန်ယူနောက်တန်းကစားသမားတစ်ဦးလည်းဖြစ်သည့် ဖာဒီနန်သည် ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် ယခင်ပွဲများ၌ ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ချေ။

ဖာဒီနန်သည် ခြေထောက်ဒဏ်ရာ သက်သာပျောက်ကင်းနေပြီးဖြစ်သဖြင့် အင်္ဂလန်အသင်းနှင့် လေ့ကျင့်မှုများ ပြန်လုပ်နေပြီးဖြစ်ကြောင်း၊ တစ်စုံတစ်ရာပြဿနာမရှိကြောင်း၊ မက်ဆီဒိုးနီးယားနှင့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း အင်္ဂလန် အသင်းနည်းပြ မက်ကလာရင်က ပြောကြားသည်။

**တောင့်တင်း**

ဖာဒီနန်ပြန်လည်ကစားနိုင်ခြင်းသည် အင်္ဂလန်အသင်းအတွက် အားတက်ဖွယ်ရာဖြစ်ကြောင်း၊ လက်ရှိအချိန်၌ အင်္ဂလန်နောက်တန်းခံစစ်သမားအချို့ ဒဏ်ရာရရှိနေကြောင်း၊ ဖာဒီနန်သည် ပုံမှန်အနေအထားဖြစ်နေသဖြင့် မက်ဆီဒိုးနီးယားနှင့်ပွဲတွင် ပါဝင်ကစားခြင်းဖြင့် အင်္ဂလန်နောက်တန်းသည် တောင့်တင်းခိုင်မာသွားပြီဖြစ်ကြောင်း အင်္ဂလန်နည်းပြ မက်ကလာရင်က ပြောကြားသည်။ **(အင်တာနက်)**



**အင်္ဂလန်အသင်းခံစစ်မှူး ဖာဒီနန်(မန်ယူ)။**

## စင်နာက ဗီလာရီးရဲလ်နှင့် သုံးနှစ်ထပ်မံစာချုပ်ချုပ်

**မက်ဒရစ် စက်တင်ဘာ ၅**

ဗီလာရီးရဲလ် ကွင်းလယ်ကစားသမား မာကို့စ်စင်နာသည် ဗီလာရီးရဲလ်ကလပ်နှင့် သုံးနှစ်စာချုပ်ထပ်မံချုပ်လိုက်ပြီဖြစ်ကြောင်း ဗီလာရီးရဲလ်ကလပ်က သတင်းထုတ်ပြန်သည်။

အသက် ၃၀အရွယ်ရှိ မာကို့စ်စင်နာသည် ဘရာဇီးတွင် မွေးဖွားပြီး စပိန်၌ ကြီးပြင်းသူတစ်ဦး ဖြစ်သည်။ ယခုနှစ်နွေရာသီအချိန်က မန်ချက်စတာယူနိုက်တက်သို့ ပြောင်းရွှေ့ရေး ဆက်သွယ်မှုရှိခဲ့သော်လည်း ယခုအခါ ဗီလာရီးရဲလ်၌ပင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



**ဗီလာရီးရဲလ်မှ စင်နာ။**

စင်နာနှင့် ဗီလာရီးရဲလ်တို့၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၀၇ခုနှစ် ဇွန် ၃၀ရက်၌ ပြီးဆုံးမည်ဖြစ်ရာ ယခုကဲ့သို့ သက်တမ်းတိုးသုံးနှစ် စာချုပ်ကို နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် စင်နာသည် ၂၀၁၀ပြည့်နှစ်အထိ ဗီလာရီးရဲလ်ကလပ်၌ ဆက်လက်ကစားနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

**တန်ဖိုးကြီးမား**

စင်နာ၏ ဆုံးဖြတ်ချက်ကို ဗီလာရီးရဲလ်ကလပ်ဥက္ကဋ္ဌ ဖာနန်ဒိုကလည်း ကျေနပ်ဝမ်းမြောက်လျက်ရှိသည်။ စင်နာကဲ့သို့ ကစားသမားကို မိမိတို့ကလပ်၌ ဆက်လက်ခေါ်ထားနိုင်မှုမှာ တန်ဖိုးကြီးမားကြောင်း သိရသည်။ **(အင်တာနက်)**

## နယူးကာဆယ် တိုက်စစ်မှူး မိုက်ကယ်အိုဝင် အမေရိကန်သို့ သွား၍ဒူးခေါင်းခွဲစိတ်ကုသမှုခံယူမည်

ရေးသားတင်ပြသူ

မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၅

**နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ယခုသီတင်းပတ်တွင် အမေရိကန်၌ ၎င်း၏ညာဘက်ဒူးခေါင်း သွားရောက်ခွဲစိတ်ကုသရလိမ့်မည် ဖြစ်ကြောင်း သိရသည်။**



**ဒူးခွဲစိတ်ကုသမှုခံယူရမည့် နယူးကာဆယ်အသင်းမှ တိုက်စစ်မှူး မိုက်ကယ်အိုဝင်။**

အိုဝင်သည် ဇွန်လက ကမ္ဘာ့ဖလားပွဲတွင် ပါဝင်ကစားစဉ် ဒူးခေါင်းအတွင်း အရွတ်စုတ်ပြဲသွားခဲ့သဖြင့် ယခုနှစ်တစ်ရာသီလုံး ပြိုင်ပွဲများနှင့် လွဲဖွယ်ရှိသည်။

**ရာသီတစ်ဝက်နား**

မိုက်ကယ်အိုဝင်သည် ယမန်နှစ် ဒီဇင်ဘာလက ခြေထောက်ကျိုးခဲ့သဖြင့် ရာသီတစ်ဝက် နားနေခဲ့ရသည်။ ကမ္ဘာ့ဖလားမတိုင်မီက နယူးကာဆယ်တွင် တစ်ပွဲသာ ကစားနိုင်ခဲ့သည်။

**ခံယူနေ**

မိုက်ကယ်အိုဝင်၏ ယခုခွဲစိတ်မှု ကြံ့ကြာခဲ့ရခြင်းမှာ ယင်းဒူးခေါင်းတွင် အရိုးနုပျက်စီးမှု ပြုပြင်ရန် လိုအပ်သောခွဲစိတ်ကုသမှု ခံယူနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ကွင်းလယ်ကစားသမား စတီဗင်ဂျရတ် ညာတောင်ပံနေရာ၌ ခြေစွမ်းပြနိုင်

**လန်ဒန် စက်တင်ဘာ ၅**

လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်သည် အကောင်းဆုံး ခြေစွမ်းပြလာသည်ကိုတွေ့ရကြောင်း အင်္ဂလန်နည်းပြ မက်ကလာရင်က ပြောကြားသည်။

**ပြောင်မြောက်**



**အင်ဒိုရာနှင့်ပွဲတွင် ညာတောင်ပံနေရာ ရောက်လာသော စတီဗင်ဂျရတ်၏ ကစားဟန်။**

အသက် ၂၆နှစ်ရှိ ကွင်းလယ်ကစားသမား ဂျရတ်သည် မက်ဆီဒိုးနီးယားတွင် ၎င်း၏နိုင်ငံတကာပွဲ ၅၀မြောက်အဖြစ် စက်တင်ဘာ ၆ရက်၌ ပါဝင်ကစားမည်ဖြစ်ရာ နည်းပြမက်ကလာရင်က ၎င်းအားညာတောင်ပံကစားသမားအဖြစ် ရွှေ့ကစားခဲ့ပြီးနောက် ထူးချွန်ပြောင်မြောက်စွာခြေစွမ်းပြလာသည်ကို တွေ့ရသည်။

မိမိအနေဖြင့် စတီဗင်ဂျရတ်အား ညာတောင်ပံကစားသမားအဖြစ် အင်္ဂလန်အသင်းတွင် ကစားစေလိုကြောင်း၊ ယခင် အဲရစ်ဆင်လက်ထက်က ဂျရတ်သည် ချယ်လ်ဆီးမှ လမ်းပတ်နှင့် ကစားပုံတူနေ၍ အခက်အခဲဖြစ်စေခဲ့ကြောင်း ၎င်းနည်းပြက ပြောကြားသည်။ သို့သော်လည်း မက်ကလာရင် အင်္ဂလန်အသင်းကို စတင်ကိုင်တွယ်သည့် ဂရိနှင့် ချစ်ကြည်ရေးပွဲ၊ အင်ဒိုရာနှင့် ယူရို ၂၀၀၈ ခြေစစ်ပွဲတို့တွင် ဂျရတ်အား ညာတောင်ပံနေရာတွင် ထားကစားခဲ့ရာ ပိုမိုခြေစွမ်းပြကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ **(အင်တာနက်)**

## ယူရို ၂၀၀၈ ခြေစစ်ပွဲများ ယနေ့ဆက်လက်ယှဉ်ပြိုင်မည်

ပါရီ စက်တင်ဘာ ၅

**ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို စက်တင်ဘာ ၂ရက်က စတင်ယှဉ်ပြိုင်ကစားခဲ့ကြရာ များသောအားဖြင့် အသင်းကြီးများက အသင်းလေးများအပေါ် အနိုင်ရရှိခဲ့သည်။**

ယူရို ၂၀၀၈ခြေစစ်ပွဲများကို အုပ်စုခုနစ်စုခွဲ၍ ကျင်းပလျက်ရှိသည်။ တစ်အုပ်စုစီတွင် အသင်းခုနစ်သင်းစီ ပါဝင်သည်။ သို့ရာတွင် အုပ်စု(က)၌ အသင်းရှစ်သင်း ပါဝင်သည်။ စုစုပေါင်း အသင်းပေါင်း ၅၀ရှိသည်။

**အုပ်စု(က)**တွင် ဖင်လန်၊ ဆားဗီးယား၊ ဘယ်လ်ဂျီယံ၊ ကာဇက်စတန်၊ အာမေးနီးယား၊ ပေါ်တူဂီ၊ အဇာဘိုင်ဂျန်နှင့် ပိုလန်နိုင်ငံတို့ပါဝင်သည်။ ယင်းအုပ်စုတွင် ဖင်လန်အသင်းသည် ပိုလန်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ထားပြီး အုပ်စုကို ဦးဆောင်နေသည်။

**အုပ်စု(ခ)**တွင် စကော့တလန်၊ ဂျော်ဂျီယာ၊ ပြင်သစ်၊ လစ်သူယေးနီးယား၊ အီတလီ၊ ယူကရိန်းနှင့် ဖာရိုကျွန်းစုအသင်းတို့ပါဝင်သည်။ ယင်းအုပ်စုမှ စကော့တလန်အသင်းသည် ဖာရိုကျွန်းစုအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စုကို ဦးဆောင်နေသည်။

**အုပ်စု(ဂ)**တွင် ဘော့စနီးယား၊နော်ဝေ၊ ဂရိ၊ တူရကီ၊ မော်ဒိုဗာ၊ မော်လ်တာနှင့် ဟန်ဂေရီအသင်းတို့ ပါဝင်သည်။ ယင်းအုပ်စုတွင် ဘော့စနီးယားက မော်လ်တာအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး အုပ်စုကိုဦးဆောင်နေသည်။

**အုပ်စု(ဃ)**တွင် ဆလိုဗားကီးယား၊ ချက်သမ္မတနိုင်ငံ၊ ဂျာမနီ၊ ဆန်မာရီနို၊ ဝေလ၊ အိုင်ယာလန်နှင့် ဆိုက်ပရပ်စ်တို့ ပါဝင်သည်။ ယင်းအုပ်စုတွင် ဆလိုဗားကီးယားအသင်းက ဆိုက်ပရပ်စ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ အုပ်စုကို ဦးဆောင်နေသည်။

**အုပ်စု(င)**တွင် အင်္ဂလန်၊ မက်ဆီဒိုးနီးယား၊ အစ္စရေး၊ ခရိုအေးရှား၊ ရုရှား၊ အက်စတိုနီးယားနှင့် အင်ဒိုရာအသင်းတို့ပါဝင်သည်။ ယင်းအုပ်စုတွင် အင်္ဂလန်အသင်းက အင်ဒိုရာအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည်။

**အုပ်စု(စ)**တွင် စပိန်၊ အိုက်စလန်၊ ဆွီဒင်၊ ဒိန်းမတ်၊ လတ်ဗီးယား၊ မြောက်အိုင်ယာလန်နှင့် လက်ချင်စတိန်းအသင်းတို့ ပါဝင်သည်။ ယင်းအုပ်စုတွင် စပိန်က လက်ချင်စတိန်းအသင်းကို လေးဂိုး-ဂိုးမရှိ သွင်းထားသည်။

**အုပ်စု(ဆ)**တွင် နယ်သာလန်၊ အယ်လ်ဘေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဘီလာရုစ်၊ ရိုမေနီးယား၊ ဆလိုဗေးနီးယားနှင့် လူဇင်ဘတ်အသင်းတို့ ပါဝင်သည်။ ယင်းအုပ်စုတွင် စက်တင်ဘာ၂ရက်က ပွဲစဉ်တွင် သရေပွဲများပြီး နယ်သာလန်အသင်းက လူဇင်ဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ထားသည်။

အဆိုပါ ယူရို ၂၀၀၈ ခြေစစ်ပွဲများကို စက်တင်ဘာ ၆ရက်**(ယနေ့)**တွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ နာမည်ကြီးအသင်းများ၏ ပွဲစဉ်များကို ယှဉ်တွဲဖော်ပြလိုက်သည်။

**စက်တင်ဘာ ၆ရက် (ယနေ့)ခြေစစ်ပွဲစဉ်များ**

| | | |
|---|---|---|
| ဖင်လန် | ✥ | ပေါ်တူဂီ |
| ပြင်သစ် | ✥ | အီတလီ |
| ဆလိုဗက်ကီးယား | ✥ | ချက် |
| ဆန်မာရီနို | ✥ | ဂျာမနီ |
| မက်ဆီဒိုးနီးယား | ✥ | အင်္ဂလန် |
| မြောက်အိုင်ယာလန် | ✥ | စပိန် |

(အင်တာနက်)

# ချစ်စရာထန်းလျက်ပွဲရုံ

**ပညာရေးသုတေသီတစ်ဦး**

စက်တင်ဘာလ ၈ရက်နေ့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဖြစ်သည်။ ကမ္ဘာတစ်ဝန်း နိုင်ငံများက အခမ်းအနားများ ကျင်းပပြီး စာတတ်မြောက်ရေးလုပ်ငန်း အရှိန်အဟုန်မြင့် တိုးချဲ့ဆောင်ရွက်ရန် အားဖြည့်ဆောင်ရွက်ကြခြင်းလည်းဖြစ်သည်။ အဘယ်ကြောင့်ပါနည်း။ အရိုးရှင်းဆုံးအဖြေမှာ ကမ္ဘာတွင် လူဦးရေ ၇၇၁ သန်း (၂၀၀၄)သည် စာမတတ်သူများအဖြစ် ရှိနေသေးခြင်းကြောင့်ဖြစ်သည်။ စာမတတ်သူဟု မည်သို့သတ်မှတ်ပါသနည်း။ စာတတ်သူ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို သိရှိနားလည်ထား ပါက စာမတတ်သူ၏အဓိပ္ပာယ်ကို ထင်ရှားစွာသိမြင်နိုင်သည်။

၁၉၅၈ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးကကြီးမှူးကျင်းပသော အထွေထွေညီလာခံကြီးက စာတတ်သူ၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည်။

စာတတ်သူဆိုသည်မှာ သူ၏နေ့စဉ်ဘဝတွင် လိုတိုရှင်းဖော်ပြချက်များကို နားလည်မှုဖြင့်၊ဖတ်နိုင်၊ရေးနိုင်သူကို ဆိုလိုသည်။ ဤသို့ဖြစ်လာအောင် ဆောင်ရွက်ခြင်းကို အခြေခံစာတတ်မြောက်ရေး လုပ်ငန်း (Basic Literacy) ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် 'အ'သုံးလုံးလုပ်ငန်းဟု လူသိများခဲ့သည်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ခဲ့ကြသည်။

၁၉၇၈ခုနှစ်တွင် ယူနက်စကို အထွေထွေညီလာခံကြီးက လုပ်ငန်းအကျိုးပြု စာတတ်မြောက်မှု (Functional Literacy)ကို "လုပ်ငန်းအကျိုးပြု စာတတ်မြောက်သူတစ်ဦးသည် သူနှင့်သူ၏ လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအနက် စာတတ်မြောက်မှုလိုအပ်သည့် လုပ်ငန်းများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သူ' ဟုဆိုသည်။ တတ်မြောက်ခဲ့သည့် အခြေခံစာတတ်မြောက်မှု (အဖတ်၊အရေး၊အတွက်)ကို ပြန်လည်အသုံးချနိုင်ခြင်းနှင့် ရှေ့ဆက်သင်ယူခြင်းများကိုလည်း ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်သည်။ အရပ်စကားဖြင့် လိုတိုရှင်းဖော်ပြရလျှင် လူတစ်ဦးသည် စာတတ်လျှင်စာဖတ်ပြီး ရရှိလာသောအသိ၊ အတွေးနှင့်အမြင်များကို သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် ထိရောက်စွာ ပြန်လည် အသုံးချနိုင်ရမည်။ သာဓကအားဖြင့် တောင်သူလယ်သမားများ အသုံးပြုနေသော ယူရီးယားခေါ် ပုလဲဓာတ်မြေဩဇာသည် လယ်ကွင်းများတွင် အပူရှိန်ပြင်းသည့်နေ့လယ်ခင်းများတွင် ပက်ဖျန်းအသုံးပြုပါက အမိုးနီးယမ်းအိုင်ယွန်း အငွေ့ပြန်ပြီး အပင်အတွက် အာဟာရဓာတ် နိုက်ထရိုဂျင်ဆုံးရှုံးရပုံကို သတင်းစာ လက်ကမ်းစာစောင်မှ သိရလျှင် ထိုအသိကို လက်တွေ့အသုံးချ၍ နံနက်ပိုင်းနှင့်ညနေ့ပိုင်းတို့တွင်သာ ယူရီးယားဖြန့်ကြဲခြင်းဖြင့် အပင်အတွက် အာဟာရဆုံးရှုံးမှုကို ကာကွယ်နိုင်ခြင်းသည် လုပ်ငန်းအကျိုးပြု စာတတ်မြောက်မှု၏ သာဓကပင်ဖြစ်သည်။ အခြားအခြားသော နေ့စဉ်ဘဝသာဓကများလည်း ရှိနေသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည့် စက်တင်ဘာလ ၈ရက်နေ့ဝန်းကျင်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့က စာရေးဆရာမင်းကျော် ရေးသားသည့် ဝတ္ထုကို ဒါရိုက်တာ ဦးသုခရိုက်ကူးသော **'ဘယ်သူပြိုင်လို့ လှပါတော့နိုင်'** ဂန္ထဝင်'အ'သုံးလုံးရုပ်ရှင်ဇာတ်ကား ထုတ်လွှင့်ပြသပေးလေ့ရှိသည်။ ရည်ရွယ်ချက်အရရော၊ အနုပညာအရပါ စံချိန်မီဇာတ်ကားမို့ ကြည့်ရသူ တိုင်းတွက် မရိုးနိုင်သော ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်ပါ။

ဤဇာတ်ကားကိုကြည့်မိတိုင်း ပညာရေးအတွေးစတစ်ခုက ပွထလာတတ်သည်။ အတွေးစကို ပွထလာစေသည့် ပြကွက်မှာ 'ဝ၊ထ၊က၊လ၊သ' ချဉ်းကပ်နည်းဖြင့် စာရေးစာဖတ်တတ်လာသော ကိုချစ်စရာ (ဦးအံ့ကျော်)က ထန်းလျက်တောင်းထမ်းပြီး ဆရာမလေးများ မြို့အပြန် လိုက်ပို့ခန်းပါ။ မြို့ပြကို ညွှန်းဆိုသည့် ဆရာမလေးများ၏ ခြေထောက်များနှင့် ကျေးလက်ကိုညွှန်းဆိုသည့် ကိုချစ်စရာ၏ ဖိနပ်မပါ၊ ခြေဗလာဖြင့် ဖုတ်ပူသဲပူထဲ လျှောက်လှမ်းနေပုံတို့ကို အနီးကပ်ရိုက်ချက်ဖြင့် ရိုက်ပြထားသည့်နိမိတ်ပုံကို 'ကြည့်တတ်သူသာမြင်နိုင်ပါ၏'ဟု ဆိုရမည်။ ယခုအခါ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကြီးငါးရပ်ဖြင့် မြို့ပြကျေးလက်ကွာဟမှုကို ကျဉ်းသွားစေရန် အကောင်အထည်ဖော်လျက်ရှိနေသည်။

ဤပြကွက်ပြီးသောအခါ လုပ်ငန်းအကျိုးပြု စာတတ်မြောက်ရေးကို စဉ်ဆက်ပညာရေး (continuing education) ပုံစံဖြင့် အကောင်အထည်ဖော်ရန် လိုအပ်နေပြီဟုလည်း တွေးမိသည်။ စဉ်ဆက် ပညာရေးဟူသည် မူလတန်းနှင့် အခြေခံစာတတ်မြောက်မှုအဆင့် ပြီးမြောက်သူများ၏ လိုအင်ဆန္ဒနှင့်အညီ ဆက်လက်သင်ယူရမည့် ပညာရေးပုံစံဖြစ်သည်။ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေး လုပ်ငန်းများပါဝင်သည်။ မြန်မာနိုင်ငံတွင် ရပ်ရွာပညာ ပဒေသာဌာနများ တည်ထောင်ဖွင့်လှစ်ပြီး အစဉ်သင်ယူနေသည့် မြန်မာ့ လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရန် သင်ယူမှုအခွင့်အလမ်းများကို ဖန်တီးတိုးချဲ့ပေးခြင်းဖြင့် စဉ်ဆက်ပညာရေးကို အကောင်အထည်ဖော်နေသည်။ စာရင်းဇယားအရ မြန်မာနိုင်ငံတွင် သက်ကြီး စာတတ်နှုန်းမှာ ၁၉၈၈ခုနှစ်တွင် ၇၉ဒသမ၇၀ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၉၄ဒသမ၁၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ရပ်ရွာပဒေသာဌာနပေါင်း ၈၈၇ခု ကိုလည်း တည်ထောင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။ 'တကယ်လုပ်၊ အဟုတ်ဖြစ်သည်' ဟူသော ဆရာကြီး ဦးသုခ၏ ဆိုစကားအတိုင်း အောင်မြင်နေသည့် ရပ်ရွာပညာပဒေသာဌာနများ (သာဓက ကျောက်ပန်းတောင်းမြို့နယ် ရွာမကျေးရွာနှင့်မကွေးမြို့နယ် ညောင်ပင်ကျေးရွာစသည့်)တွင် တွေ့မြင်နေရပြီ။ လူမှုဆောင်တာတိုင်းသည် အတွေးအဆကို အခြေခံသည်။ အတွေးအဆ ကောင်းလျှင် ကောင်းသကဲ့သို့ ခံယူချက်ကောင်းများ ဖြစ်ထွန်းလာမည်။ ခံယူချက် ခိုင်မာလာလျှင် လုပ်ငန်းအကောင်အထည်ဖော်မှု ပီပြင်လာမည်မှာ မလွဲပါ။

ဆက်လက်၍ စဉ်းစားစရာတစ်ခုပေါ်ထွက်လာသည်။ အခြေခံစာတတ်မြောက်လာသူ ကိုချစ်စရာ၏ ထန်းလျက်တောင်းကိစ္စပါ။ သူ့ကို စဉ်ဆက်ပညာရေးပုံစံဖြင့် စာဖတ်ရှိန်မြှင့်တင်ရမည်။ ၂၀၀၆ခုနှစ် ဇွန်လ ၁၇ရက်နေ့အထိ ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၄၇၀၇ ကို အရှိန်အဟုန်ဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းသည် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းကို တိုက်ရိုက်အကျိုးပြုလျက်ရှိသည်။ စာဖတ်ရှိန်မြှင့်ပြီးပါက ကိုချစ်စရာ၏ မိသားစုတစ်နိုင်တစ်ပိုင်လုပ်နိုင်သည့် ဝင်ငွေတိုး လုပ်ငန်းများကို ဖော်ထုတ် အကောင်အထည်ဖော်ရမည်။ သာဓကအားဖြင့် ကိုချစ်စရာကို ဈေးကွက် အသေးစားလုပ်ငန်းစီမံခန့်ခွဲမှု၊ ငွေကြေးနှင့်အချိန်စီမံခန့်ခွဲမှု၊ သင့်လျော်ရာ ကုန်ထုတ်နည်းပညာ စသည်တို့ကို သင်ယူစေရမည်။ စိတ်ပါ လက်ပါ သင်ယူသဖြင့် အကျိုးဖြစ်လာသူများလည်း လက်တွေ့ခွင်တွင် ရှိခဲ့ဖူးသည်။

သာဓကအားဖြင့် ကျောက်ပန်းတောင်းမြို့နယ် ရွာမကျေးရွာက စာသင်သား မခင်ကြည်။ စာတတ်မြောက်ရေးလုပ်ငန်းမှ ရရှိလာသော အတွေးအမြင်နှင့် အယူအဆများကြောင့် မြင်းလှည်းမောင်းသမား၏ ဇနီးအဖြစ်မှ ကျေးရွာကုန်စုံဆိုင်နှင့် ဗီဒီယိုရုံပိုင်အဖြစ် စီးပွားရေးပုံစံ ပြောင်းလဲနိုင်ခဲ့သဖြင့် လက်တွေ့အကျိုးခံစားရသူ မခင်ကြည်၏ဘဝက သက်သေခံနေသည်။ မခင်ကြည်၏ လူမှုစီးပွားတိုးတက်မှုများသာမက ရွာအဝင်ကတ္တရာလမ်း၊ ပုပ္ပားရေ၊ ရပ်ရွာပညာပဒေသာဌာန၊ မူလတန်းကျောင်း စသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများပါ ကွဲ့ကူးရေပါ အောင်မြင်နေပုံများကြောင့် **ဘယ်သူပြိုင်လို့ လှပါတော့နိုင်** ဇာတ်ကားက စာတတ်စ ကိုချစ်စရာကို နေပူ ဖုတ်ပူထဲမှ ဆွဲထုတ်ပြီး ကျောက်ပန်းတောင်းမြို့တွင် **'ချစ်စရာထန်းလျက် ပွဲရုံ'**ကို ထူထောင်ပြီး ကျေးလက် လူမှု စီးပွားအဆင့်ကို မြှင့်တင်ကြပါစို့ ဟု ၂၀၀၆ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခါသမယတွင် နှိုးဆော်လိုက်ရပါသည်။




**ဆန္ဒ**

**တစ်တိုင်ဆီမီး**

**ထွန်းညှိပြီးက**

**ဆီမီးထောင်ရာ**

**ပွားများပါ။ ။**

မောင်ဟန်ဝင်း(ထန်းတပင်)



# ဘိုကလေး သကဝ-စပါယ်ကုန်း-ငပိချောင်း ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ် ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေမည်

**ဘိုကလေး ဩဂုတ် ၂၅**

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့သည် ဩဂုတ် ၁၆ရက် နံနက်က ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သကဝ-စပါယ်ကုန်း-ငပိချောင်း ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ထားရှိမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ထားရှိမှုများကို အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က ရှင်းလင်းတင်ပြရာ ဒုတိယအင်ဂျင်နီယာမှူးကြီးက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။ **(အပေါ်ပုံ)**

**သွားလာရေးလွယ်ကူအဆင်ပြေ**

အဆိုပါလမ်းမှာ အရှည်လေးမိုင်၊ အကျယ် ၁၄ပေရှိ၍ ဆောင်ရွက်ပြီးစီးနေတော့မည်ဖြစ်သည်။ လမ်းဖောက်လုပ်ပြီးစီးပါက ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်သည့်အတွက် ကျေးလက်ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် စည်ပင်)**

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ပေါင်မြို့နယ်တွင် ဆွေးနွေး

**ပေါင် ဩဂုတ် ၁၀**

သထုံခရိုင် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဘီငါးလုံးနှင့်ပြည့်စုံရေး၊ ရေရှည်တည်တံ့ အောင်မြင်ရေးအတွက် ဇူလိုင် ၁၇ရက်မှ ၂၁ရက်အထိ သပြုချောင်၊ ရင်းငြိမ်တောင်၊ ရွာတန်းရှည်၊ ဇင်းကျိုက်နှင့် ဥက္ကံတားကျေးရွာရှိ စာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက်ဘီငါးလုံးနှင့်ပြည့်စုံရေး ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများဆွေးနွေးသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များက မိမိကျေးရွာရှိ စာကြည့်တိုက်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများကို ပြန်လည်ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက စာကြည့်တိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် စာအုပ်စာတမ်း ထိန်းသိမ်းနည်းများကို ကျေးရွာစာကြည့်တိုက်မှူးများအား ရှင်းလင်းပြသခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



**ညောင်တုန်းမြို့ ၁၉လမ်း ရွှေရည်ဦးမိသားစုက ဦးလှမြင့်(ကုန်သွယ်၊ ငြိမ်း)က ညောင်တုန်းမြို့ အမှတ်(၉) ရပ်ကွက် မြေနုအမကမှ ကျောင်းသားကျောင်းသူများအား လစဉ်အာဟာရများကျွေးမွေးလျက်ရှိရာ ဩဂုတ် ၂၄ ရက်က မွေးနေ့အထိမ်းအမှတ် အာဟာရကျွေးမွေးစဉ်။** (၀၉၈)



# သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့စခန်းများထိရောက်စွာငြိမ်းသတ်နိုင်ရေး အပေါ့စားရေစုပ်စက်ပေးအပ်ပွဲ ချမ်းအေးသာစံမြို့နယ်၌ကျင်းပ

မန္တလေး ဩဂုတ် ၂၀

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ သန္တေနှင့် အရန်မီးသတ် တပ်ဖွဲ့စခန်းများ မီးငြိမ်းသတ်ရေးတွင် ထိရောက်စွာငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ယာဉ်နှင့် မီးငြိမ်းသတ်ကိရိယာများ၊ ရေစုပ်စက်များထုတ်ပေးခဲ့ရာ မန္တလေးချမ်းအေးသာစံမြို့နယ် သီရိဟေမာ အရှေ့အိမ်တော်ရာ မီးသတ်စခန်းအတွက် (Launtop)ငါးကောင်အား အပေါ့စား ရေစုပ်စက်ပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက်က စခန်းရုံးတွင် ကျင်းပသည်။**

**အမှာစကားပြောကြား**

ရေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ရေးဦးစွာ တိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က အမှာစကားပြောကြားပြီး အပေါ့စား ရေစုပ်စက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဥက္ကဋ္ဌ ဦးချစ်ထွန်းထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ရေစုပ်စက်အား ကြည့်ရှုစစ်ဆေးပြီး ကိုင်တွယ် အသုံးပြုနည်းများ ရှင်းပြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ အပေါ့စား ရေစုပ်စက်ဖြင့် လက်တွေ့ ရေစုပ်ပြီး မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ **(က–ပ)**

# တိုင်း ပြန်/ဆက် လက်ထောက်ညွှန်မှူးလုပ်ငန်းများစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးသည် ပုသိမ်ခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်မြင့် လိုက်ပါလျက် ဩဂုတ်၂၄ရက်က ရေကြည်မြို့နယ်ရုံး၊ ၂၅ရက်တွင် ကျုံပျော်မြို့နယ်ရုံး၊ ၂၆ရက်တွင် ငါးသိုင်းချောင်းမြို့နယ် ရုံးများသို့ သွားရောက်ပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ကြီး၏မှာကြားချက်ဖြစ်သော ၂၀၀၆–၂၀၀၇နှစ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် ဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းဆိုင်ရာများ စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ဩဂုတ်၂၅ရက်က မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၀၆ – ၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်း ဖြစ်သည့် မြို့ပတ်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာ(အငယ်တန်း အင်ဂျင်နီယာ–၂)တို့က ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)



**ရန်ကုန် စက်တင်ဘာ ၅**

# (၉၂)ကြိမ်မြောက်သွေးလှူဒါန်း

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပာကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ်ကမ္မဋ္ဌာန စရိယ ဓမ္မကထိကလူမှုထူးချွန် (ပ–ဒ–တ) ဆင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အောင်တော်မူကျောင်းတိုက် မော်လမြိုင်ဆရာတော် ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)**သည် မန္တလေးတိုင်း မန္တလေးမြို့ တိုင်းဆေးရုံကြီး သွေးလှူဘဏ်တွင် ၂၀၀၆ခုနှစ် စက်တင်ဘာ၁ရက်က (၉၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

# အမြို့မြို့ အနယ်နယ် သတင်းများ



**ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ဆောင်ရွက်နေမှုအခြေအနေအား ဩဂုတ်၁၃ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ကွမ်းလုံအထကပညာရေးငွေပဒေသာပင်စိုက်ထူလှူဒါန်းရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြား

**ကွမ်းလုံ ဩဂုတ် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်း ဒုတိယအကြိမ် ပညာရေးငွေပဒေသာပင် စိုက်ထူခြင်း အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၄ရက် မွန်းလွဲ၁နာရီကအဆိုပါကျောင်းသံလွင် ဆောက်လုပ်ရေးဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်နှင့် ကွမ်းလုံခရိုင် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး အလှူရှင်များကိုယ်စား ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းထွန်းအေးက ကွမ်းလုံမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ပညာရေးငွေပဒေသာပင်စိုက်ထူလှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကွမ်းလုံမြို့အခြေခံပညာအထက်တန်းကျောင်း ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူရှင်များက ငွေကျပ်တစ်ဆယ့်တစ်သိန်းလေးသောင်းငါးထောင် ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားကာ အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ပထမတန်းကျောင်းသား မောင်ဟိန်းထက်ဇော်နှင့် မောင်ကောင်းဆက်ဟန်တို့က ဩဂုတ်၂၈ရက်တွင်ကျရောက်သော ခြောက်နှစ်ပြည့် မွေးနေ့အတွက် ကျောင်းသူ ကျောင်းသားများအား ဘဲသားဆန်ပြုတ် အာဟာရ တိုက်ကျွေး လှူဒါန်းစဉ်။** (က–ပ)



**ရွှေဘိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မြို့မဈေးကြီးအတွင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးကြည်ဇင် ဦးဆောင်၍ဈေးဌာနစိတ်ဝန်ထမ်းများဖြင့် ဈေးကြီးအတွင်း ရေနုတ်မြောင်းများမှအမှိုက်များ၊ သဲ၊ နုန်းများ ဆယ်ယူခြင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ဟိုပင်မြို့တွင် အခြေခံမီးသတ်သင်တန်းဖွင့်

**ဟိုပင် ဩဂုတ် ၂၀**

ကချင်ပြည်နယ် ဟိုပင်မြို့ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့က ကြီးမှူး၍ အခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက်၁၀ နာရီက ဟိုပင်မြို့၊ မြို့မတောင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

သင်တန်းတွင် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် မြို့မိမြို့ဖ ဦးညီလေးတို့က အဖွင့်အမှာစကား ပြောကြားပြီး ဟိုပင်မြို့ မီးသတ်တပ်ခွဲမှူး ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၁၅၀တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကြိုးပမ်းဆောင်ရွက်

**မောင်တော စက်တင်ဘာ ၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေသည် ဩဂုတ်၂၂ရက်က မောင်တောခရိုင် မောင်တောမြို့နယ်အတွင်းရှိ ညောင်ချောင်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်၊ မြို့သူကြီးကျေးရွာ မြတ်ပညာစာကြည့်တိုက်နှင့် မြို့မရပ်ကွက်ရှိ မြို့မစာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဩဂုတ် ၂၅ရက်က စစ်တွေခရိုင် မြောက်ဦးမြို့နယ်အတွင်းရှိ တိန်ညိုကျေးရွာ ရွှေတိန်ညိုစာကြည့်တိုက်နှင့် မြောင်းဘွေကျေးရွာ အရဏ်ဦးစာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် သက်ဆိုင်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကျေးရွာစာကြည့်တိုက် အမှုဆောင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်တွင် အံ့သြဖွယ်ရာ သဘာဝအင်းလေးကန်ကြီးတည်ရှိနေ မြန်မာနိုင်ငံသားများသာမက ကမ္ဘာလှည့်ခရီးသွားများပါ စိတ်ဝင်စား သဘာဝအလှများ မတိမ်ကော မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်း

ဆီဆိုင် စက်တင်ဘာ ၂

**ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်းဝေးခန်းမတွင် ဩဂုတ် ၂၁ရက်က ကျင်းပသည့် အင်းလေးကန် မိုင်၂၀ ဝန်းကျင် သစ်တော၊ ရေမြေ၊ သားငှက် ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းစည်းဝေးပွဲ တာဝန်ပေးအပ်ခြင်းများနှင့် ပတ်သက်၍ ဆီဆိုင်မြို့နယ်တွင် ထပ်ဆင့်ရှင်းလင်း တာဝန်ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၂၄ရက်က ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စည်းဝေးခန်းမတွင် ကျင်းပသည်။**



**အမှာစကားပြောကြား**

အခမ်းအနားတွင် ဆီဆိုင်မြို့နယ် ဥက္ကဋ္ဌ ဦးခိုင်ထွန်းက ထပ်ဆင့်ရှင်းလင်း မှာကြားရာ **(ယာပုံ)** မြန်မာနိုင်ငံ၌ သဘာဝက ဖန်တီးပေးထားသည့် ထူးခြား ဆန်းပြားသော စိတ်ဝင်စားစရာ တော တောင်ရေမြေ၊ အလှအပများ ဒေသ အသီးသီးတို့တွင် ရှိနေကြရာ ရှမ်းပြည် နယ်တစ်ခွင်၌ အံ့ဖွယ်ရာ သဘာဝ အင်းလေးကန်ကြီးမှာ ရှမ်းရိုးမကြီးပေါ်တွင် ကျယ်ပြန့်နက်ရှိုင်းစွာ ပေါ်ပေါက်တည်ရှိနေခြင်းသည် မြန်မာနိုင်ငံသားများသာမက နိုင်ငံအသီးသီးမှ ကမ္ဘာလှည့်ခရီးသွားများပါ အထူးစိတ်ဝင်စားစရာ လှပတင့်တယ် ရှုချင်စဖွယ် ရေကန်ကြီးတစ်ခုအဖြစ် ထင်ရှားပေါ်လွင်နေခဲ့သည်မှာ ကာလကြာရှည်ခဲ့သည်ဖြစ်မည်။

**စိတ်ဝင်စားစရာ**

ဤမျှလောက် မြန်မာပြည်တွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီး ခရီးသွားများပါ စိတ်ဝင်စားစရာအဖြစ် သဘာဝတောတောင်ရေမြေက ဖန်တီးပေးထားသည့် အမွေအနှစ်တစ်ခု တိမ်ကောပျောက်ကွယ် မသွားစေရန် ပြုပြင်ထိန်းသိမ်း သွားကြရမည့် တာဝန်သည် ဒေသခံပြည်သူအားလုံးတို့တွင် ရှိကြသည်ဟု မှာကြားလိုကြောင်း၊ မိမိတို့ဒေသမှာ ရှိနေကြသည့် တောတောင်ရေမြေများ၏ သဘာဝအလှအပများ ပျောက်ကွယ်မသွားစေရန် ဒေသခံ ပြည်သူများအားလုံး တာဝန်ရှိကြသည့် အားလျော်စွာ သဘာဝအလှ အင်းလေးကန် မိုင် ၂၀ ဝန်းကျင် သစ်တော၊ ရေမြေ၊ သားငှက်များ ကာကွယ်ထိန်းသိမ်းနိုင်ကြရေး လုပ်ငန်းများကို ဆီဆိုင်မြို့နယ်အနေနှင့် မြေစာရင်း၊ စိုက်ပျိုးရေးဌာနများ အပါအဝင် ဌာနဆိုင်ရာများအားလုံးက ဒေသခံတိုင်းရင်းသားပြည်သူများ အားလုံးတို့နှင့် လက်တွဲပေါင်းစပ်ပြီး တာဝန်သိသိ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။ **(ဝ၄၈)**




**ဩဂုတ် ၂၉ ရက်က တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို တွံတေးမြို့ အုန်းပင်စုရပ်ကွက် မဟာဗန္ဓုလလမ်းနေ ဦးထွန်းရွှေ ဇနီး ဒေါ်ခင်တီ၊ သား-ကိုကိုနိုင် မိသားစုက လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယ ဥက္ကဋ္ဌ ဦးလှမြင့် လက်ခံယူစဉ်။** (၃၈၀)

## မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဆင်း

**မကွေး ဩဂုတ် ၂၀**

မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို ဩဂုတ်၁၂ရက်နံနက်၁၀နာရီက ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် မကွေးခရိုင် ဦးစီးအရာရှိ ဦးဝေလင်းက အမှာစကားပြောကြားပြီး ဆုရရှိသူများအား တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ရက်သတ္တနှစ်ပတ်ကြာ**

သင်တန်းသို့ မကွေးတိုင်းရုံး၊ မကွေးခရိုင်အတွင်းရှိ ခရိုင်ရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်တွင် စာဖတ်ခြင်းအကျိုး ဟောပြောပို့ချ

**မိုင်းဖြတ် ဩဂုတ် ၁၅**

စာဖတ်ခြင်း အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မိုင်းဖြတ်မြို့နယ် ဟိုနားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ဩဂုတ် ၂ ရက်က ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ရှေးဦးစွာ ဟိုနားအလယ်တန်းကျောင်းအုပ် ဆရာကြီး ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မိုင်းဖြတ်ခရိုင် ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က သတင်းစာနှင့် ဒို့ကျေးရွာဂျာနယ်အကြောင်း ဟောပြောကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပခုက္ကူမြို့နယ်တွင် ကျင်းပ၊ ဆုရသူများ ဆုချီးမြှင့်ပေး

**ပခုက္ကူ စက်တင်ဘာ ၁**

၂၀၀၆ ခုနှစ် ပခုက္ကူခရိုင် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု



အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည်။

**တက်ရောက်အားပေး**

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျင်းပရေး ကော်မတီဝင်များ၊ အမှတ်ပေးအကဲဖြတ် ဒိုင်လူကြီးများ၊ ငါးမြို့နယ်မှ ပြိုင်ပွဲဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ ဖိတ်ကြားထားသူများ၊ ပြည်သူများ တက်ရောက်အားပေးကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ဆက်လက်ကျင်းပ**

ထို့နောက် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ဆက်လက်ကျင်းပ ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ပြိုင်ပွဲအသီးသီး၌ဆုရရှိသူများအားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦး **(အပေါ်ဝဲပုံ)** နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

## အမြို့မြို့ အနယ်နယ် သတင်းများ



### ကြီးကြပ်ဆောင်ရွက်

**ခင်ဦးမြို့ သန့်ရှင်းသာယာလှပရေးအတွက် ရုံးကြီးလမ်းထောင့်တွင် မြေယာရှုခင်းအလှ ပြင်ဆင်ခြင်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇော်မျိုးဦးနှင့် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။**

(နယ်စပ်/စည်ပင်)

### သန့်ရှင်းရေးဆောင်ရွက်



**မြန်အောင်မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များစုပေါင်း၍ မြန်အောင်မြို့ ကျောင်းကြီးလမ်းနှင့် ရွှေဘုံသာတာကြီးတန်းလမ်းတို့တွင် ဩဂုတ် ၁၉ရက်က သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

### မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**(တော်သလင်းလပြည့်ကျော် ၁ ရက်)**
**၇-၉-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ (ပညာရှင်အဆင့် အမျိုးသမီး)
(ခေတ်ဟောင်း/ကာလပေါ်)
(၁) နွေးဦးတေးသံ (မေလှမြိုင်)
(၂) ပျံသန်းရမည့်နေ့(စိန်စိန်မြိုင်)
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ခြံစည်းရိုးကြက်ဆူပင် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲအကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သမီးများသို့ (ကောင်းသန့်)
(၂) ရင်တွင်းခံစားမှု ပုံရိပ်များ (ရေနံမြေ မောင်မောင်ကြည်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (မြို့ပြတို့ကို အဖတ်ဆယ်ခြင်း-ဒုတိယပိုင်း-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့်အာဟာရ (ဗယာကြော်)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာအစီအစဉ်
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အရင်ဦးအောင် မုန်းချင်တယ် (စန္ဒရားတင်ဝင်းလှိုင်)
(၂) မောင်မုန်းရက်ရင် မုန်းလိုက်ပါ (နိုင်နိုင်မော်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အရှေ့အရပ်ကနေထွက်သည်)
၁၉း၄၀ ခေတ်မရွေးသောတေးများ
(၁) ဇရာ (ကိုမင်းနောင်)
(၂) ရွှေညာသူ ရွှေညာသား (ချိုပြုံး)
(၃) ချစ်ပြုံးနှင်းဆီ (ရေနံ့သာစိုးလှိုင်)
၂၀း၃၀ ခံစားနားဆင်
မြန်မာတေးသံစဉ်
(၁) ဖက်ဖူးဆင်ခင်ခင်ကြိုက်တယ် (နီနီဝင်းရွှေ)
(၂) အသည်းစကား (သုမောင်)
(၃) စောင်းသံတိတ်မှ အိပ်ပါကွယ် (အိဖြူ)

# ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး လုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး မှာကြား

နေပြည်တော် စက်တင်ဘာ ၅

မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ စက်တင်ဘာ ၂ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ချမ်းသာကုန်းရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အမှတ်(၂) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး တိုင်းစစ်ဌာနချုပ်၏ ဧက၁၀၀၊ အပင် ပေါင်း ၁၂၀၀၀၀ ခြစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက လိုက်လံရှင်းလင်းပြသသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐





နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာအသင်း ပါဝင်ဆင်နွှဲမည်

**သတင်းနှင့်ဓာတ်ပုံ—သိန်းဝင်းလေး(မြန်မာ့အလင်း)**

ရန်ကုန် စက်တင်ဘာ ၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၂၄ရက်မှ ၂၈ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သည့် မြန်မာလူငယ် ဘော်လီဘော အမျိုးသားအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဆောင်ရွက်မည်**

မြန်မာလူငယ်ဘော်လီဘောအသင်းတွင် နည်းပြချုပ်အဖြစ် နည်းစနစ်မှူး ဦးသိန်းဆွေ စာမျက်နှာ ၁၂ ကော်လံ ၁ ●



(၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ပါဝင် ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် လူငယ် ဘော်လီဘောအသင်း အောင်ဆန်း အားကစားပြိုင်ဝင်း လေ့ကျင့်ရေးရုံတွင် အဖွဲ့ခေါင်းဆောင် ဦးသိန်းဝင်း၊ နည်းပြများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

## အတ္တလန်တစ်အာကာသယာဉ် ယနေ့ လွှတ်တင်မည်

ကိတ်ကာနေဗာရယ် စက်တင်ဘာ ၅

**ရာသီဥတုဆိုးရွားစွာဖြစ်ပေါ်နေမှုကြောင့် သီတင်းတစ်ပတ်ကျော်ကြာ ရွှေ့ဆိုင်းခဲ့ရသော အတ္တလန်တစ်အာကာသလွှန်းပြန်ယာဉ်ကို စက်တင်ဘာ ၆ ရက်** (ယနေ့)**၌ လွှတ်တင်ရန် စီစဉ်ထားကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။**



**ဆုံးဖြတ်**

ရာသီဥတုအခြေအနေသည် လက်ရှိ အနေအထား၌ ကောင်းမွန်လျက်ရှိကြောင်း၊အတ္တလန်တစ်လွှန်းပြန်ယာဉ်ကို စက်တင်ဘာ ၆ ရက် **(ယနေ့)** မွန်းလွဲ ၁၂နာရီ ၂၈မိနစ်၌ လွှတ်တင်ရန် ဆုံးဖြတ်ထားကြောင်း၊ မိမိ အကြိုက်ဆုံး စာမျက်နှာ ၅ ကော်လံ ၁ ■

**အင်တာနက် အထူးသတင်း**

## မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာနှင့် အင်ဒိုနီးရှားယှဉ်ပြိုင်ကစားပုံများ မြန်မာ့ရုပ်မြင်သံကြားမှ (ယနေ့)ထုတ်လွှင့်ပြသမည်

ရန်ကုန် စက်တင်ဘာ ၅

**(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာလက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို စက်တင်ဘာ ၆ရက်** (ယနေ့) **ည ၈နာရီ ပြည်တွင်းသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။** (မြန်မာ့အလင်း)

## ပါတီသည် တိုင်းပြည်နှင့်လူမျိုးဒုက္ခရောက်စေမည့်လုပ်ရပ်များ လုပ်ဆောင် ဒေးဒရဲမြို့နယ် NLDပါတီဝင် ၂၁ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၅**

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကန်ဆိပ်ကျေးရွာ ရပ်ကျေးအဖွဲ့ဝင်ဦးခင်အေး၊ ကျုံစမင်းကြီးကျေးရွာ ရပ်ကျေးအဖွဲ့ဝင် ဦးမြင့်အောင်၊ ဦးအောင်မောင်း၊ ဒေါ်စော၊ ဦးငွေသီး၊ ဝါးကမယ်ကျေးရွာ ရပ်ကျေး အဖွဲ့ဝင် စာမျက်နှာ ၅ ကော်လံ ၁ ✱

6-9 (20) 1 9/6/06, 2:13 AM